ဝိသုဒ္ဓိမဂ်ဂဏ္ဌိဒီပကျမ်း

၁၇၃၅၈

အသင်္ခတ၊ နိရောဓမည်မှန်
မြတ်နိဗ္ဗာန်ကို
ရရန်လိုလား အမျိုးသားတို့
နည်းကောင်းလမ်းမှန်၊ ကျင့်ကြံကြိုးကုတ်၊ အားထုတ်နိုင်ရန်
သဒ္ဓါမွန်ဖြင့်၊ စိတ်ရည်သန်၍

ဘဒ္ဒန္တပညာဝံသထေရ်

ရေးသားအပ်သော

ဝိသုဒ္ဓိဉာဏဒီပကကျမ်း

သိမ်တောင်ကျောင်းကြီး
တောင်ကုပ်မြို့ ရခိုင်ပြည်နယ်။

၁၃၄၅-ခုနှစ်၊ ဝါခေါင်လ၊ ၁၉၈၃-ခုနှစ်၊ ဩဂုတ်လ

(ဓမ္မဒါန)

မျက်နှာဖုံး ထုတ်ဝေ ခွင့်ပြုချက် အမှတ်(၀၉၀)

ထုတ်ဝေသူ ဦးဝရဗုဒ္ဓိ ကင်းလွတ်ခွင့် အမှတ် (၆၃)
သိမ်တောင် ကျောင်းတိုက်
တောင်ကုပ်မြို့
ရခိုင်ပြည်နယ်။

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၆၅၇)

ပုံနှိပ်သူ ဒေါ်သန်း မှတ်ပုံတင် အမှတ် ယာယီ (၀၄၂)
ဝဇီရာ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၇၈)၊ စက်ရုံလမ်း
ရန်ကုန်မြို့။

၁၃၄၅ ခုနှစ် ဝါခေါင်လ ဒုတိယအကြိမ် အုပ်ရေ ၁၀၀၀

(ဓမ္မဒါန)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါနကိုပြခြင်း	၁
၂။	ဝန္နနာဇကာရကိုပြခြင်း	၃
၃။	ပုထုဇဉ် ၂ မျိုးကိုပြခြင်း —	၇
၄။	ပုထုဇဉ် ၂ မျိုးတို့၏ အကျိုးအပြစ်ကိုပြခြင်း—	၈
၅။	ရုပ်နာမ် ၂ ပးါကို ဥပမာ ၂ မျိုးဖြင့်ပြခြင်း—	၁၄
	နာမရူပသင်္ဂဟ မာတိကာပြီး၏။	
၆။	ခန္ဓာငါးပါးတို့၏ သရုပ်ကိုပြခြင်း .... —	၂၀
၇။	ခန္ဓာငါးပါးကိုအခြင်းအရာ (၁၁)ပါးဖြင့် ဝေဘန်၍ ပြခြင်း .... — —	၂၂
၈။	ခန္ဓာငါးပါးကို ဥပမာဖြင့်ပြခြင်း—	၂၅
၉။	ခန္ဓာငါးပါး အစဉ်ဟောပုံကိုပြခြင်း	၃၆
	ခန္ဓသင်္ဂဟမာတိကာပြီး၏။	
၁၀။	အာယတန (၁၂)ပါးတို့၏ သရုပ်ကိုပြခြင်း....	၃၈
၁၁။	အဇ္ဈတ္တိကာယတနခြောက်ပါးတို့၏ ဌာနကိစ္စကို ပြခြင်း	၄၁
၁၂။	ဗာဟိရာယတန ခြောက်ပါးတို့၏ သဘာဝ လက္ခဏာကို ပြခြင်း — —	၄၄
၁၃။	အာယတန (၁၂ ပါးကို ဥပမာဖြင့် ပြခြင်း....	၄၅
	အာယတန သင်္ဂဟ မာတိကာပြီး၏။	

(ဒုတိယအကြိမ်)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄။	ဓာတ် (၁၈) ပါး၏ သရုပ်ကိုပြခြင်း	၄၈
၁၅။	ဓာတ်တွဲခြောက်စုံကိုပြခြင်း	၅၁
၁၆။	မှီရာဓာတ်–အာရုံဓာတ်။ အာရမ္မဏိက ဓာတ်များကို ခွဲ၍ပြခြင်း	၅၂
၁၇။	ဓာတ် (၁၈) ပါးကို ဥပမာဖြင့်ပြခြင်း	၅၃
	ဓာတုသင်္ဂဟ မာတိကာပြီး၏။	
၁၈။	ကာယသုံးပါးကို ပိုင်းခြား၍ပြခြင်း	၅၄
၁၉။	ကာယသုံးပါး၌ရှိသောရုပ်နာမ်ကိုရေတွက်၍ပြခြင်း	၅၅
	ကာယသင်္ဂဟ မာတိကာပြီး၏။	
၂၀။	ဝိသုဒ္ဓိခုနစ်ပါး	
၂၁။	လက္ခဏာသုံးပါး	
၂၂။	အနုပဿနာသုံးပါး	
၂၃။	ဝိမောက္ခသုံးပါး	
၂၄။	ဝိမောက္ခမုခသုံးပါး	
၂၅။	ဝိပဿနာဉာဏ်ဆယ်ပါး	
	(၂၀–၂၅) ဤခြောက်ပါးတို့၏ သရုပ်နှင့် တကွ အဆင့်ဆင့် တွဲယှက်လျက် ဝိပဿနာ ခဏ်းကို ပြဆိုခြင်း	၆၀
	ဝိပဿနာသင်္ဂဟ မာတိကာပြီး၏။	
၂၆။	ဒုက္ခသစ္စကိုပြခြင်း .... — —	၉၀
၂၇။	သမုဒယသစ္စာကိုပြခြင်း — —	၉၄
၂၈။	နိရောဓသစ္စာကိုပြခြင်း	၉၅
၂၉။	မဂ္ဂသစ္စာကိုပြခြင်း	၁၀၀
	သစ္စာသင်္ဂဟ မာတိကာပြီး၏။	

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၀။	ဒုစရိုက်ဆယ်ပါးတို့၏ သရုပ်ကိုပြခြင်း	၁၀၂
၃၁။	ဒုစရိုက်ဆယ်ပါးတို့၏ အင်္ဂါအသီးအသီးတို့ကို ပြခြင်း —	၁၀၅
၃၂။	အပါယ်လေးပါး၊ကပ်သုံးပါး၊ အရပ်ပြစ်ရှစ်ပါး တို့၏သရုပ်ကိုပြခြင်း — —	၁၁၁
၃၃။	ရန်သူမျိုးငါးပါး၊ အနာအမျိုး ၉၆ပါးတို့၏ သရုပ်ကို ပြခြင်း	၁၁၃
၃၄။	ဘေး ၂၅ ပါး၊ ဥပဒ္ဒဝေါ ၁၆ ပါးတို့၏ သရုပ်ကို ပြခြင်း .... —	၁၁၄
၃၅။	ဒသ (၁၀) ပါး ဝိပတ္တိတရား ၄ ပါးတို့၏ သရုပ်ကို ပြခြင်း — —	၁၁၈
၃၆။	ပုညကြိယာ-၁၀-ပါးတို့၏ သရုပ်ကိုပြခြင်း —	၁၁၉
၃၇။	သူတော်ကောင်းဥစ္စာ ၇ပါး၊ သူတော်ကောင်း တရား ၇ပါးတို့၏ သရုပ်ကိုပြခြင်း....	၁၂၁
၃၈။	ပါရမီ ၁၀ပါး၊ပါရမီအပြား ၃၀တို့သရုပ်ကိုပြခြင်း	၁၂၂
၃၉။	စွန့်ခြင်းကြီး ၅ပါး၊ စရိယ ၃ပါးတို့၏ သရုပ်ကို ပြခြင်း .... — —	၁၂၄
၄၀။	မာရ် ၅ပါး၊သစ္စာ ၄ပါး၊ ဉာဏ်ယျမ်တရား ၅ ပါး တို့၏ သရုပ်ကို ပြခြင်း	၁၂၅

(ဒုတိယအကြိမ်)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁။	သမ္ပတ္တိတရား ၄ ပါး၊ စက် ၄ ပါးတို့၏သရုပ်ကိုပြခြင်း	၁၂၇
၄၂။	ပဋိသမ္ဘိဒါ ၄ ပါး၊ သမာပတ် ၈ ပါး၊ အဘိညာဉ်ခြောက်ပါးတို့၏သရုပ်ကို ပြခြင်း....	၁၂၉
၄၃။	ဝိဇ္ဇာ ၃ ပါး၊ ဝိဇ္ဇာ ၈ ပါး၊ စရဏ ၁၅ ပါး တို့ကို ပြခြင်း — .... —	၁၃၀
	ဒုစရိတာဒိသရူပ မာတိကာပြီး၏။	
၄၄။	ပဋ္ဌမဗုဒ္ဓဝစနဥဒါန်း ပါဠိတော်ကိုပြခြင်း ...	၁၃၃
၄၅။	ပဋိစ္စသမုပ္ပါဒ်-အနုလုံ-ပဋိလုံပါဠိတော်ကိုပြခြင်း	၁၃၄
၄၆။	မေတ္တာနိသံသသုတ် ပါဠိတော်ကိုပြခြင်း	၁၃၅
၄၇။	သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ပါဠိတော်ကို ပြခြင်း	၁၃၇
၄၈။	ဣဒ္ဓိပါဒ် ၄ ပါး ဣန္ဒြေ ၅ ပါး ပါဠိတော်ကို ပြခြင်း — — —	၁၃၈
၄၉။	ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး ပါဠိတော်ကိုပြခြင်း	၁၄၀
၅၀။	မဂ္ဂင် ၈ ပါး ပါဠိတော်ကိုပြခြင်း —	၁၄၀
၅၁။	သစ္စာလေးပါး ပါဠိတော်ကိုပြခြင်း	၁၄၁
၅၂။	အာသီသမေတ္တာပို့ လေးဂါထာကိုပြခြင်း	၁၄၂
	ဒေသနာပကိဏ္ဏက မာတိကာပြီး၏။	
၅၃။	ကျမ်းပြီး နိဂုမ်းကို ပြခြင်း	၁၄၃

မာတိကာပြီး၏။

(ဒုတိယအကြိမ်)

ဘဒ္ဒန္တ ပညာဝံသထေရ်၏ပုံတော်

ဝိသုဒ္ဓိဉာဏဒီပကကျမ်း

ကျမ်းပြုဆရာတော်

၏

အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ကျမ်းပြုဆရာတော်ကို ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့ မင်းသားစု ကျေးရွာတွင် မွေးဖွားခဲ့သည်။ မန္တလေးနှင့် ပခုက္ကူစသည့် မြို့ကြီးများတွင် ပညာသင်ကြားပြီး၊ အိန္ဒိယနှင့်သီဟိုဠ်တို့တွင် ၅–နှစ်တာမျှ သက္ကဋနှင့် ဟိန္ဒီစသည့် ဘာသန္တရစာပေများကို သင်ကြား တတ်မြောက်ခဲ့သည်။

ဆရာတော်သည် ဤ "ဝိသုဒ္ဓိဉာဏဒီပကကျမ်း" ကို လွန်ခဲ့သော နှစ်ပေါင်း (၇၀) က၊ ပြည်မြို့ ရွှေခေမာရုံ စာသင်တိုက်ကြီး၌ စာချဆရာတော် အဖြစ် ဆောင်ရွက်စဉ် ရေးသား ပြုစုခဲ့သည်။ ဘုရားဒါယကာလည်းဖြစ်၊ ကျောင်းတကာလည်း ဖြစ်သော၊ ဒါယကာကြီး ဦးဘိုးဆုန်၏ ပစ္စယာ နုဂ္ဂဟကို ခံယူ ခဲ့သည်။ ဆရာတော်သည် ဟောရေး ပြောရေး ဓမ္မကထိက

(ဒုတိယအကြိမ်)

တာဝန်ဖြင့်လည်း စာသင်တိုက်ကြီး၏ တိုးတက် ကြီးပွားကြောင်း တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ ထို့ပြင်ဆရာတော်သည် ကိုယ်တိုင်အုပ်ချုပ် ဦးစီးနာယက ပြုလုပ်၍၊ ပြည်မြို့ "ဘိက္ခုလုပ်" ကျောင်းကို ပရိယတ္တိ စာသင်တိုက်ကြီး အဖြစ်စတင် ထူထောင်ခဲ့သည်။ ဆရာတော်သည် ပရိယတ္တိကို အထူးအားပေး ချီးမြှောက်တော်မူသည် အားလျော်စွာ တပည့်စာသင်သား ရဟန်း သံဃာ တော်များ၊ သာမဏေများကိုလည်း ဂရုတစိုက် သင်ကြားပြီး၊ အထူးမွေးမြူ ကြည့်ရှု စောင့်ရှောက်သည်။

ဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများအားလည်း ပဋိပတ္တိဆိုင်ရာ ရုပ်တရား၊ နာမ်တရား၊ ဝိပဿနာကျင့်စဉ်တရားများကို ဟောပြောလေ့ရှိသည်။ ထိုခေတ်ထိုအချိန်က ဝိပဿနာတရားမှာ ယခု မျက်မှောက်ခေတ် ကဲ့သို့တိုးတက်ထွန်းကားမှု မရှိသေးချေ။ ဆရာတော်ဘုရားသည် ဝိပဿနာ ပဋိပတ္တိ ကျင့်စဉ်တရားများကို ပြည်မြို့နယ်တဝိုက်နှင့် ရခိုင်ပြည်နယ် တဝှမ်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် နည်းပေးလမ်းပြ ဟောကြားခဲ့သည်။ ဆရာတော်ဘုရားကား ပဋိပတ္တိကျင့်စဉ် ဝိပဿနာအသင်း ရောင်မျိုးစေ့ကို စတင်ထွန်းပြောင် ကြဲချခဲ့သူများ အနက် တပါး အပါအဝင်ဖြစ်သည်။

ဆရာတော်သည် ပြည်မြို့၌ သီတင်းသုံးနေထိုင်စဉ် ထိုခေတ်

(ဒုတိယအကြိမ်)

အခြေအနေအရ အမျိုးသားရေး လှုပ်ရှားမှု၊ "ဝံသာနုရက္ခိတ အသင်းကြီး" တွင်လည်း၊ အသင်းဝင် ခေါင်းဆောင်တဦး အဖြစ် ပါဝင်လှုပ်ရှား ဟောပြော ဆောင်ရွက်ခဲ့သည်။ ဆရာတော်၏ ဟောပြောချက်မှာ လူမျိုးခြားများ လက်အောက်ကျခရောက်နေသည့်အတွက် ပရိယတ်၊ ပဋိပတ်စသည့် အမျိုးဘာသာ၊ သာသနာတော် မှေးမှိန်နေကြောင်း၊ သာသနာတော်ထွန်းလင်းတည်တံ့နိုင်ရန် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း စသည့်ဝံသာနုရက္ခိတ တရားများကို အမြဲဟောပြောလေ့ရှိသည်။ ဆရာတော်၏ ဟောပြောချက်များ မိန့်ခွန်းများမှာ ပါးနပ်ကျွမ်းကျင်မှု ရှိသည့်အတွက် အသင်းကြီးသည် လုပ်ငန်း တာဝန်ပိုင်းကို အထူးတိုးတက် ဆောင်ရွက်နိုင်ခဲ့သည်။ ဤသို့အားဖြင့်လည်း ဆရာတော်သည် သာသနာတော်အကျိုးနှင့် နိုင်ငံအကျိုးကို အခါအားလျော်စွာ တဖက်တလမ်း သယ်ပိုးဆောင်ရွက်ခဲ့သည်။

၁၂၉၄-ခုနှစ်တွင်၊ ဘိုးဘိုးဆရာတော်ကြီး၏ တာဝန်ပေးချက်အရ၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့၊ သိမ်တောင်ကျောင်းတိုက်ကြီး၏ သာသနာ့ဘာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။ ပရိယတ္တိ စာသင်တိုက်ကြီး အဖြစ် ထူထောင်ကာ အနယ်နယ် အရပ်ရပ်မှ ရဟန်းသာမဏေများကို နေ့ဝါညဝါမပြတ်မလတ် ပို့ချသင်ကြားခဲ့သည်။ တပည့်တကာ တကာမများအားလည်း ပဋိပတ္တိကျင့်စဉ် ဝိပဿနာတရားများကို လပြည့်/ လကွယ်

(ဒုတိယအကြိမ်)

ဝါတွင်း / ဝါပအမြဲ ဟောလေ့ရှိသည်။ ရခိုင်ပြည်နယ်လုံး ဆိုင်ရာ သံဃာသာမဂ္ဂီတရားဟောပွဲကို စစ်တွေမြို့တွင် နှစ်စဉ်ကျင်း ပရာ၊ တရားဟော ပုဂ္ဂိုလ်တပါးလျှင်တရက်၊ တနာရီသာ ဟောခွင့်ရသော်လည်း ဆရာတော်မှာ ၂-ရက်၊ တရက်လျှင် နှစ်နာရီဟောရန်၊ တရားနာပရိသတ်မှ တောင်းဆို၍ တရားပွဲ များကိုဟောခဲ့ရသည်။ ဆရာတော်၏ ဟောပုံဟောကွက်နှင့် တင်ပြပုံ အချက်အလက်များမှာ တရားနာ ပရိသတ်အား ကွက်ကွက်ကွင်းကွင်း ဉာဏ်ထဲမှာ ထင်လွယ်မြင်လွယ်စေသည်။ ဤအချက်အလက်များကို "ဝိသုဒ္ဓိဉာဏဒီပကကျမ်း" တွင်နေ ရာအနှံ့တွေ့မြင်နိုင်သည်။ ဆရာတော်၏ အသံသြဇာမှာလည်း ရှင်းလင်းပြတ်သား ကြည်လင်လှပြီး တရားနာ ပရိသတ်အား ဆွဲဆောင်နိုင်စွမ်းရှိသည်။

၁၂၉၆-ခုနှစ်၊ တပို့တွဲလတွင် အီတလီဘုန်းတော်ကြီး ဦးတိလောက နာထသည် သူ၏ နောက်ပါပရိသတ်၅ဝဝ-ခန့် နှင့် သိမ်တော် သာသနာ့မြေ ဆရာတော်ရှိရာသို့ ရိုးလမ်းမှခြေ လျင်ခရီးဖြင့် ကြွရောက်လာခဲ့သည်။ ဤသည်မှာ-ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်သတင်း ကျော်ကြား ပျံ့နှံ့မှုကြောင့် ပင်ဖြစ်သည်။ အီတလီဘုန်းတော်ကြီးသည်၊ ၃-ရက်-၃ညတိုင် တိုင် မြို့ပေါ်ရှိတရားနာပရိသတ်နှင့် သူ၏ နောက်ပါပရိသတ် တို့အား တရားဟောပြောသည်။ ယင်းသို့ ဟောပြောရာ၌ အီတလီ ဘုန်းတော်ကြီးသည် အင်္ဂလိပ် x ပါဠိ ဘာသာများ

[(ဒုတိယအကြိမ်)]

ဖြင့်သာ ဟောပြောခြင်းဖြစ်ရာ၊ တရားနာ ပရိသတ်များ နား လည်နိုင်စေရန် ဆရာတော်ကတဆင့်မြန်မာပြန်ဟောပြောရသည် အင်္ဂလိပ် x ပါဠိ x ဟိန္ဒီစသည့် ဘာသာစုံဖြင့် အီတလီဘုန်း ကြီးဟောပြောသည်ကို အထစ်အငေါ့မရှိ တဆင့်ပြန်လည်၍၊ မြန်မာဘာသာဖြင့် ဟောစွမ်းနိုင်ခြင်းသည်၊ ကျမ်းပြုဆရာ တော်၏ ဘာသန္တရ ကျွမ်းကျင်မှုပင်ဖြစ်သည်

တနေ့သော ညနေချမ်းတွင် ဆရာတော် နှစ်ပါး တရား ဆွေးနွေးကြသည်။ အနီးအနားတွင်လည်း ဒါယကာ ကြီး ငယ်များ ရှိသည်။ အီတလီ ဘုန်းတော်ကြီးက တင်ပြသည်မှာ တမြို့ဝင် တမြို့ထွက် ရွာစဉ်လျှောက်ပြီး လှည့်လည် တရား ဟောခြင်းသည်သာလျှင်၊ သာသနာပြုရာ ရောက်သည်ဟု တင်ပြ ခဲ့သည်။ သူ၏ အဆိုမှာ မြို့ကြီး ပြကြီးများတွင် ကျောင်း ကြီး၊ ကန်ကြီး၊ တိုက်ကြီး၊ တာကြီးများနှင့် နေထိုင်မှုကို သဘောမကျ။ သာသနာပြု လုပ်ငန်းကို လုပ်နေကြသည်ဟု သူ မထင်ပေ။ ထိုအခါ ဤ ကျမ်းပြုဆရာတော်က ရှင်းပြ သည်မှာ "အာဂါရိ၊ အနာဂါရိ" သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်တိုင်းသည်၊ "ဂန္ထဓူရ၊ ဝိပဿနာဓူရ" ဟူ၍၊ သာသ နာတော်၏မူလ၊ ဓူရ နှစ်ပါး ရှိသည့်အနက်၊ တဦးကိုသော် လည်းကောင်း၊ သို့မဟုတ် နှစ်ဦးလုံးကို သော်လည်းကောင်း ကျင့်ကြံပြုလုပ် ကြရမည်သာဖြစ်သည်။

(ဒုတိယအကြိမ်)

"ဝိပဿနာဓူရ" ၏ သဘောမှာ မြို့ ပြည် ရွာ အနှံ့ လှည့်လည်၍ တရားဟောခြင်းဖြင့် သာသနာပြုခြင်း၊ လိမ္မာ ယဉ်ကျေးစေခြင်းပင် ဖြစ်သည်။ ယင်းသို့ သာသနာပြုခြင်း သည်၊ ရွေ့တန်းတိုက်ပွဲဝင်သည့် စစ်ဗျူဟာနှင့် တူသည်။ မြို့သိမ်း ပြည်သိမ်း ရွှေ့ပြေးတပ်နှင့် တူ၍၊ အနိုင်ရပြီး မြို့ပြ ကျေးရွာကို ဆက်လက် ပြန်လည် ထိမ်းသိမ်း စောင့်ရှောက်မှု မရှိလျှင်၊ နဂိုရ် မူလအတိုင်း၊ သူပုန် သူကန် နယ်မြေပင် ဖြစ်လာ နိုင်သည်။ ယင်းအတွက် အီတလီ ဘုန်းတော်ကြီးများသည် ပြည်သိမ်း၊ မြို့သိမ်း ရွှေ့ပြေးတပ်နှင့် တူသည်။ မိမိ(ကျမ်းပြု) တို့က မြို့စောင့် ပြည်စောင့် အုပ်ချုပ်ရေး ယန္တရား တပ်မ/ တပ်ရင်းနှင့် တူကြောင်း ရှင်းပြသည်။

"ဂန္ထဓူရ" သဘောမှာ မြို့ကြီး ပြကြီးများတွင် ကျောင်း ကန်၊ တိုက်တာ အဆောက်အဦးများနှင့် နေထိုင်လျက်၊ ရဟန်း သာမဏေများကို ပရိယတ္တိဆိုင်ရာ စာပေ ကျမ်းဂန်များကို သင်ကြားပို့ချခြင်း တကာ တကာမများကိုလည်း၊ ဘာသာ- သာသနာ မကွယ်ပစေရန် အမြဲထိတွေ့နေခြင်းမျိုး ဖြစ်သည်။ အစိုးရမင်းများက၊ မြို့ပြ ကျေးရွာများတွင် အုပ်ချုပ်ရေး ယန္တရားချလျက်၊ သူခိုး ဓားပြ၊ သူပုန်၊ သူကန်များ ဘေးရန်မှ ကာကွယ် စောင့်ရှောက်လျက်၊ မြို့ပြ ကျေးရွာ သာယာ ဖြောင့်ပင်မှုကို ပြုလုပ်သည်နှင့် တူသည်။ အုပ်ချုပ်ရေးယန္တရား

မချထားလျှင်၊ သူပုန် သူကန် စသည်နှင့် တူသည့် ဘာသာခြားများက သိမ်းသွင်းပြီး ဗုဒ္ဓဘာသာ တိုင်းပြည် မြို့ရွာများကို အလွယ်တကူ သိမ်းသွင်းသွားနိုင်သည်။ ထို့ကြောင့် ဘာသာ‧ သာသနာ ယဉ်ကျေးမှု အခြေခံရပြီး၊ မြို့ရွာ နယ်ပယ်များကို အခြေစိုက် ကျောင်းကန် တိုက်တာများ၊ ရဟန်း သံဃာများနှင့် စောင့်ရှောက်ထားရန် လိုသည်။ ယင်းသို့မဟုတ်ပါက‧ မည်သို့ပင် တမြို့ဝင် တမြို့ထွက် တရားဟော စည်းရုံးနေစေတော့၊ "အိပ်ပေါက်နှင့် ဖားကောက်သလို" ဖြစ်နေမည်။ ယင်းအတွက် မြို့ပြ၊ ကျေးရွာများတွင် ကျောင်းတိုက်တာနှင့် နေထိုင်မှုသည်လည်း၊ အပြစ်မရှိ အပြစ်ဟု မမြင်ဘဲ၊ သာသနာပြု လုပ်ငန်းတရပ်ပင် ဟု ရှင်းလင်းဖြေဆိုခဲ့သည်။ ထိုအခါ အီတလီ ဘုန်းတော်ကြီးမှာ အလွန် သဘောကျလှပြီး၊ ဆရာတော်၏ တင်ပြချက်ကို လက်ခံ ကျင့်သုံးသည်။

ဤသည်တို့မှာ ဆရာတော်နှစ်ပါး၏ စကားစစ်ထိုးခြင်း သဘောမျိုးဖြစ်၍ နားထောင်သူ ပရိတ်သတ်များမှာ ရင်တမမ ရှိရသည်။ ကျမ်းပြုဆရာတော်၏ ရှင်းလင်းချက်မှာ အလွန် မှတ်သားစရာ ကောင်းပြီး၊ မဇ္ဈိမ ပဋိပဒါ ကျ၍ တဖက်စွန်း လွန်ခြင်း မရှိပေဟု စိတ်ပါဝင်စား နားထောင်နေသူ ဘာသာ အကဲခတ်သမားများက ကောက်ချက် ချသွားကြသည်။

ဆရာတော်သည် ဤ "ဝိသုဒ္ဓိ ဉာဏ ဒီပကကျမ်း" အပြင် "အန္တိယသွားရေးစဉ်ကျမ်း"နှင့်နက္ခတ်ဆိုင်ရာကျမ်း၊ ဆေးကျမ်း

စသည်များကိုလည်း ပြုစုခဲ့သည်။ ဘုရား၊ ပုထိုး၊ စေတီ ကျောင်း ကန် စသည့် သာသနိက အဆောက်အဦးများကို အသစ်ပြုလုပ်ခဲ့သည်။ ရှေးဟောင်း သမိုင်းဝင် ဥက္ကါ သိမ်တော်ကြီးနှင့် အမြင့် ဥာဏ်တော် အတောင်(၂၀) ရှိသည့် သိမ်တောင် ဗုဒ္ဓရုပ်ပွားတော်ကြီးများ စသည့် သာသနိက အဆောက်အဦး များကို ပြုပြင် စောင့်ရှောက် ထိန်းသိမ်းလျက်နေစဉ် ၁၃၀၆-ခုနှစ်တွင်၊ ဆရာတော်ကြီးသည် သာသနာ့ တာဝန်ကို တပည့် များ တကာ-တကာမများအား တာဝန် လွှဲပြောင်း ပေးအပ်လျက် ခန္ဓာနာမ်ရုပ် ချုပ်ငြိမ်း သွားပါတော့သည်။

"သောဝေါသတ္တာ မမစ္စယေန" ဟူသော ဒေသနာတော်နှင့်အညီ ဆရာတော်ဘုရား ကိုယ်တိုင်ရေးသားဟောကြား ခဲ့သော ဤ "ဝိသုဒ္ဓိ ဥာဏ ဒီပကကျမ်း" မှ တလုံး တပါဒ တဝါကျကို၊ အသုံးလုံးကြေများအနေဖြင့် အပျင်းပြေဖတ်၊ အပျော်တန်း ဖတ်ခြင်းကြောင့် သော်လည်းကောင်း၊ ယောဂီ သူတော်စင်များလေ့လာလိုသူများအနေဖြင့်ကျင့်ကြံကြိုးကုတ်၊ လေ့လာ ပွားများ အားထုတ်လိုသည့် သဘောဖြင့် ဖတ် စသည့် စာဖတ်ခြင်း အမျိုးမျိုးတွင်၊ တမျိုးမျိုးဖြင့် ဖတ်၍

(ဒုတိယအကြိမ်)

ခြင်းကြောင့် အသိ အလိမ္မာ ဉာဏ်ပညာ၊ တစ္စန်းတစ တိုးတက်ဖြစ်ထွန်းခွင့် ရကြသည် ဆိုပါက ဆရာတော်၏ သာသနာပြုလုပ်ငန်းတွင် အုပ်တချပ်၊ သဲတပွင့်ပမှာ ကူညီပါဝင် ဆောင်ရွက်ခြင်း မည်ပါသည်။

ဆရာတော်ကြီး၏ မြေးတော်

သာသနာပြု ဆရာတော် - ဦး ဝ ရ ဗု ဒ္ဓိ

(သာသနဓဇ မမ္မာစရိယ၊ **B.A. (Law), LL. B**)

မြို့နယ် သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်

ပါဠိ ပဋ္ဌမပြန်စာမေးပွဲ (မြို့နယ်) အတွင်းရေးမှူး၊

သို့မ်တောင်ကျောင်းကြီး၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

(၆ - ၇ - ၈၄)

(ဒုတိယအကြိမ်)

နိဒါန်း

သမ္မာသမ္ဗုဒ္ဓ၊ အတုလ သင်းကျစ်၊ ဓမ္မရာဇ်ဥက္ကဌ်၊ ဝိသုဒ် နတ် အစစ်၊ ဖြစ်ကြီး ဖြစ်တော်မူသော ဘုရားမြတ်စွာသည်။ နတ်တို့ဂုံး၊ ဝတိံ သာတွင်၊ မာတာမိနတ်၊ အမှူးတတ်လျက်။ အမြတ်ဗြဟ္မာ၊ အဖြာဖြာတို့အား၊ ဝါတွင်းသုံးလ၊ ဆိုဆုံးမ ခဲ့သော၊ ဓမ္မဩသခါ။ ဘိဓမ္မာဟု၊ လွန်စွာခဲကပ်၊ ပရမတ်ကို။ တတ်အပ်မသိ ဉာဏ်မရှိ၍။ မြင်မိ မြင်ရာ။ ထင်ရာ ပညတ်၊ ရုပ်နာမ် ဓာတ်ကို။ စိတ်မှတ်ထင်လွဲ၊ တခဲနက်သာ၊ ကိုယ်ခန္ဓာ ဟု။ စဉ်လာသန္တတိ၊ အမှောင်မိ ဘေးကြီးမှ။ ဝေးမနီး လွတ် မြောက်ရန်ဟု၊ ရည်သန်ညွတ်လျှိုး၍။ ဦးဘိုးဆုန် ဒါယကာ၏၊ ရှိသေစွာ တောင်းပန်ချက်ကို။ ငံ့ကွက် မြော်မြင်၊ မျှားဖြင် ဝေနေယျ။ ဉာဏဗုဒ္ဓိ၊ ရှိကြစိမ့်ငှာ။ ကရုဏာ ရှေးထား၊ ကြံသနားသဖြင့်။ ဉာဏ်သွား ပရမတ်၊ ရုပ်နာမ် ဓာတ်၌။ မှန်ဖြတ်စိန်သွင်၊ ဟုတ်တိုင်း မြင်သော။ အရှင် (ပညာဝံသ) နာမခေါ်ဆို။ ပဉ္စင်းပျိုသည်၊ ထိုထိုကျမ်းရှိ၊ ထုတ်ယူညှိ၍၊ ဝိသုဒ္ဓိဉာဏ။ ဒီပကမည်ဆန်း၊ ဤသည့်ကျမ်းကို ဖြောင့်တန်း စိတ်ထား၊ သဒ္ဓါတရားဖြင့်။ ရေးသား စီရင်ပေသတည်း။

ပညာလိုလား၊ အမျိုးသားတို့၊ ကြိုးစားနေ့ည၊ ကြည့်ရှုကြ စေသတည်း။ ။

ပဏာမ

နမော-တဿ ဘဂဝတော၊ အရဟတော၊

သမ္မာသမ္ဗုဒ္ဓဿ။

ခန္ဓာဒီဟိ ဝိဘဇ္ဇိတွာ၊ ဒေသေန္တံ တိဒသာလယေ။

ဝန္ဒိတွာ ဘိဓမ္မံ နာထံ၊ ကဿံ ခန္ဓာဒိ သင်္ဂဟံ။

အဟံ၊ ခန္ဓာယတန၊ စသည်မလပ်၊ ပရမတ်ကို။ ပေါင်းစပ်သမုတ်၊ အကျွန်ုပ်သည်။ တိဒသာလယေ၊ ရှေးအတီတ မာဃစသား၊ နတ်သိကြားတို့၊ နေငြား ဝေါဟာ၊ ထိုသညာကြောင့်။ တိဒသာလယေ အမည်ရှိသော တာဝတိံသာ နတ်ပြည်၌။ အဘိဓမ္မံ၊ အဘိအတိရေက၊ စသည်ဝိဂ္ဂဟ။ အနွတ္ထကြောင့်။ အဘိဓမ္မာ၊ မည်သာ တွင်ဆန်း၊ ခုနစ်ကျမ်းကို။ ခန္ဓာဒီဟိ၊ ခန္ဓာယဘန။ စသည်ဓာတု၊ တရားစုတို့ဖြင့်။ ဝိဘဇ္ဇိတွာ၊ ဆန်းကျယ်နယ။ ဝိတ္ထာရဖြင့်။ အတ္ထယုတ္တိ၊ ဝေဘန်ညှိ၍။ ဒေသေန္တံ၊ ဗြဟ္မာကရဝိက်၊ ကြူးရင့်ဖိတ်သို့၊ ကြည်စိတ်သဒ္ဒါ၊ နတ်ဗြဟ္မာအား၊ ရတနာကြုပ်၊ ရွှေအာလုပ်မှ ဖွင့်ထုတ် မြွက်ဖေါ်၊ ဟောကြားတော် မူပေတတ်သော။ နာထံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူသဒ္ဒါ၊ ကိုးကွယ်

(ဒုတိယအကြိမ်)

ရာကြောင့်၊ နာထမည်တွင်၊ ဘုရားရှင်ကို။ ဝန္ဒိတွာ၊ ဝန္ဒာမိ၊ သုံးတန် စေတနာ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်။ ဘယသာဘား စသည်မကပ်၊ ဂုဏ်တော်မြတ်ကို၊ စိတ်မှတ်၍သာ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ စိတ်မှတ်ရွယ်မှီး၊ ရှိခိုးပြီး၍။ ခန္ဓာဒိ သင်္ဂဟံ၊ ခန္ဓာယတန၊ ဓာတုစသား၊ ရုပ်နာမ်များကို၊ ပိုင်းခြား စေ့ငု၊ အကျဉ်းပြု၍၊ ယူရာယူကြောင်း ဖြစ်သော။ (ဝိသုဒ္ဓိဉာဏဒီပကံ) ဝိသုဒ္ဓိဉာဏဒီပက မည်ဆန်း၊ ဤသည့် ကျမ်းကို။ ကဿ၊ကရိဿာမိ၊ ကလျာဏဇန၊ ဖြစ်ကြစေသား၊ သဘောထားလျက်၊ အများသိစေ၊ ရေးသားပေအံ့။

ဒေသနာဟာရနေတ္တိ နည်းအားဖြင့်၊ မှီရာနိဿယ ဖြစ်သော ဘုရားကို ရှိခိုးသဖြင့်၊ နိဿိတဖြစ်သော တရား သံဃာတို့ကို လည်း ရှိခိုးအပ်သည်၏ အဖြစ်ကို သိအပ်၏။

★

(ဒုတိယအုပ်ကြိမ်)

ဝိသုဒ္ဓိဉာဏဒီပက
ကျမ်း ။

ကလျာဏပုထုဇဉ် ဖြစ်နိုင်ရန် နည်းလမ်း အချက်များနှင့် ဘာဝနာ။ ဝိပဿနာ လမ်းစဉ်များကို၊ သိလိုပါသည်ဟု လျှောက်ထား တောင်းပန်ရာ၌။

ကလျာဏပုထုဇဉ် ဟူသည်ကား။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင် ရှိသောသူပေတည်း။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင် ဖြစ်ရခြင်းသည်။ ရုပ်နာမ် ခန္ဓာ အာယတန ဓာတ်တရားတို့ကို။ ခွဲခြမ်း စိတ်ဖြာ၍ သိမှသာ ဖြစ်နိုင်၏။ ရုပ်နာမ် ခန္ဓာ စသည် ခွဲနည်းကိုလည်း၊ အကျယ်ခွဲနည်း အကျဉ်းခွဲနည်းဟူ၍ နှစ်ပါးဝေဘန်အပ်၏။ အကျယ် ခွဲနည်းမှာ ခန္ဓာငါးပါး၊ အာယတန တဆယ့် နှစ်ပါး၊ ဓာတ်တဆယ့် ရှစ်ပါး စသည် တို့ကို ခွဲခြမ်း စိတ်ဖြာ၍ သိနိုင်ခြင်းတည်း။ အကျဉ်းခွဲနည်းမှာ။ ခန္ဓာကိုယ်ကို၊ ရုပ်တစု-နာမ်တစု- နှစ်စုပြု၍ ခွဲခြင်းတည်း။ ထိုနှစ်ပါးတို့တွင် အကျယ်ခွဲဆုဝယ်။ ရုပ်တရား၌၊ ပထဝီ-တေဇော-အာပေါ

(ဒုတိယအကြိမ်),

ဝါယော စသည်ဖြင့်၊ ရုပ်ပေါင်း နှစ်ဆယ့် ရှစ်ပါး ရှိအောင် ဝေဘန်ရာ၏။ နာမ်တရား၌၊ စိတ်စေတသိက် နှစ်ပါးခွဲ၍၊ စိတ်ကို-တခုယုတ် ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ့် တပါး ရှိအောင် ဝေဘန်ရာ၏။ စေတသိက်ကိုလည်း။ ဖဿ-ဝေဒနာ သညာစသော အားဖြင့်။ ငါးဆယ့်နှစ်ပါး ရှိအောင် ဝေဘန်ရာ၏။ ထိုသို့ သရုပ် အားဖြင့်။ အကျယ် ဝေဘန် အပ်သော။ ပရမတ္ထတရားတို့၏ သဘော လက္ခဏာ တို့ကိုလည်း၊ စေ့ငုအောင် ဝေဘန် ရသေး၏။ ရုပ်နှစ်ဆယ့် ရှစ်ပါးတို့၌၊ ပထဝီဓာတ်သည်၊ ကြမ်းတမ်း ခက်မာခြင်း လက္ခဏာရှိ၏။ တေဇောဓာတ်သည်။ ရင့်ကျက် ပူလောင်ခြင်း လက္ခဏာရှိ၏၊ အာပေါဓာတ်သည်၊ ဖွဲ့စေးယိုစီးခြင်း လက္ခဏာရှိ၏။ ဝါယောဓာတ်သည်၊ ထောက်ပံ့ ခိုင်စေခြင်း လက္ခဏာရှိ၏။ စသည်ဖြင့် ဝေဘန်ရာ၏။ နာမ်တရား တို့၌လည်း၊ စိတ်ခေါ်သော ဝိညာဏ်သည်။ အာရုံကို သိခြင်းလက္ခဏာရှိ၏။ ဖဿသည်၊ အာရုံ၌ ထိတွေ့ခြင်း လက္ခဏာရှိ၏။ ဝေဒနာသည်၊ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိ၏။ ဤသို့ စသည်ဖြင့် အသီးသီးဝေဘန်ရာ၏။ ဤသို့ပရမတ္ထ သရုပ်သဘော လက္ခဏာတို့ကို အပြည့်အစုံ ရှုကြည့်၍။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်ဖြစ်ပုံ နည်းဆမ်းသည်၊ အဘိဓမ္မာကို တတ်သိလိမ္မာမှ စွမ်းနိုင်သော အရာပေတည်း။ ထိုသို့ အနုစိတ်ခွဲ၍ ဉာဏ်အမြင် ဖြစ်ပုံသည် သာ၍ ကောင်းမြတ်၏၊ ထိုသို့ မတတ် မစွမ်းနိုင်ပါမူကား။ မိမိတို့၏ ခန္ဓာကိုယ်ကို၊ နှစ်စုပြု၍။ ရုပ်တရား-နာမ်တရား-နှစ်ပါးသော

အကျဉ်းခွဲနည်း ဖြင့်ရှုဆင်ခြင်၍ အတ္တဇီဝ သတ္တဝါ၊ ပုဂ္ဂိုလ်၊ မိန်းမ ယောကျ်ား အထင်များကို ပယ်စွန့်ပြီးလျှင်။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် အမြင်ကို ဖြစ်စေရာ၏။ ။

ထိုမှတပါး၊ခန္ဓာငါးပါး၌ ဉာဏ်အမြင်ဖြစ်ခြင်း။အာယတန တဆယ့်နှစ်ပါး၌ ဉာဏ်အမြင် ဖြစ်ခြင်း။ ဓာတ်တဆယ့် ရှစ်ပါး၌ ဉာဏ်အမြင် ဖြစ်ခြင်းများသည်လည်း။ ဤခန္ဓာကိုယ်၌ သက္ကာယဒိဋ္ဌိ ဘီစီး လှည့်ပတ်ခွင့်ကို မရစေရန်။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင် ပေါ်ပေါက်စေရန်။ မြတ်စွာဘုရား ဟောကြား ပြသအပ်သော နည်းလမ်းတခု ဖြစ်ပေ၏။

ထိုသို့ ရုပ်နာမ် နှစ်ပါး၌ ဉာဏ်အမြင် ရှိသောသူ ခန္ဓာ အာယတန ဓာတ်တရားများ၌ ဉာဏ်အမြင် ရှိသော သူတော်ကောင်း တို့သည်၊ ပုထုဇဉ်ပင် ဖြစ်နေရ ငြားသော်လည်း၊ သူများနှင့် မတူဘဲ။ အန္ဓပုထုဇဉ် တည်းဟူသော ယုတ်ညံ့သူ အဖြစ်မှ လွန်မြောက်၍။ ကလျာဏ ပုထုဇဉ် တည်းဟူသော မြင့်မြတ်သောသူ အဖြစ်သို့ သက်ဝင်လေကုန်၏။

ထိုကြောင့် သုတ်သီလက္ခန် အဋ္ဌကထာ၌။ ။

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊
ကလျာဏေကော ပုထုဇ္ဇနော။
(ဒုတိယအံ့ကြိမ်)

တတ္ထ ယဿ ခန္ဓဓာတု အာယတနာဒီသု၊
ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ။
အယံ အန္ဓ ပုထုဇ္ဇနော၊ ယဿတာနိ အတ္ထိ သော၊
ကလျာဏ ပုထုဇ္ဇနော။ ဟူ၍လာ၏။

အနက်ကား။ ။ဧသော၊တယောက်သော။ အန္ဓော၊ အန္ဓဟု ဆိုအပ်သော။ ဝါ၊ပညာမျက်စိ၊ ဉာဏ်မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ် ပုဂ္ဂိုလ်ရင်း။ ဧကော၊တယောက်သော။ ကလျာဏော၊ ကလျာဏဟု ဆိုအပ်သော။ ဝါ၊ ပညာမျက်စိ၊ အလင်းရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ် ပုဂ္ဂိုလ်ရင်း။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ယောက်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသခင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ။တတ္ထ၊ ထိုနှစ်ယောက်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့တွင်။ ယဿ၊ အကြင် ပုထုဇဉ်အား။ ခန္ဓဓာတု အာယတနာဒီသု၊ ခန္ဓာတရား-ဓာတ်တရား-အာယတနတရား စသော ပဋိစ္စသမုပ္ပါဒ် အချက်တို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ၊ သင်ယူခြင်း-မေးမြန်း ကြားနာခြင်း။ ဆောင်ရွက် လေ့လာခြင်း။ ဆင်ခြင်ခြင်းတို့သည်။ နတ္ထိ-နသန္တိ၊ မရှိကုန်။ အယံ၊ ဤပုထုဇဉ်သည်။ အန္ဓပုထုဇ္ဇနော၊ အန္ဓပုထုဇဉ်ကန်း မည်၏။ ယဿ၊ အကြင် ပုထုဇဉ်အား။ တာနိ၊ ထိုခန္ဓာ စသော ပရမတ္ထ ဓမ္မတို့၌။ နှစ်သက်စွာ သင်ယူမေးမြန်း-စုံစမ်း ကြားနာ လေ့လာ ဆင်ခြင်ခြင်းတို့

သည်။ အတ္ထ°-သန္တိ၊ ရှိကုန်သည်ဖြစ်အံ့။ သော၊ ထိုပုထုဇဉ်သည်။ ကလျာဏ ပုထုဇ္ဇနော၊ ပုထုဇဉ်မြတ်မည်၏။

ဤအဋ္ဌကထာ လာသည်နှင့်အညီ။ လိုရင်းအဓိပ္ပါယ်ကား။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်နှင့် ပြည့်စုံသောသူကို ကလျာဏ ပုထုဇဉ် ဟူ၍ခေါ်ရသည်၊ ဤဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်သည်ကား။ အခြား ဘာသာများနှင့် အနည်းငယ်မျှ ဆက်ဆံသော ဉာဏ်မဟုတ်၊ စင်စစ်မှာ ဗုဒ္ဓဘာသာ သာသနာတော်၌သာ ဆက်ဆံသော ဉာဏ် တည်း၊ ကပ်ကမ္ဘာ အားဖြင့်ကား။ ဘုရားပွင့်သော ကမ္ဘာတို့၌ သာလျှင် ဤဉာဏ် အမြင်သည် ဖြစ်ပေါ်နိုင်၏။ ဘုရား မပွင့် သော ကမ္ဘာတို့၌ မဖြစ်ပေါ်နိုင်။ ဘုံအားဖြင့်ကား၊ သုဒ္ဓါဝါသ ဗြဟ္မာ ငါးဘုံတို့၌သာလျှင်။ ဤဉာဏ် အမြင်သည် မပြတ် အခါ ခပ်သိမ်း ဖြစ်နိုင်သည်။ ကာမသုဂတိ ခုနစ်ဘုံ။ အသညသတ် ကြဉ်သော ဗြဟ္မာဘုံတို့၌ကား။ ရံခါ-ရံဘန် ဖြစ်ပေါ်နိုင်၏။ ရံခါ ရံဘန် မဖြစ်ပေါ်နိုင်။ အပါယ်လေးဘုံ အသညသတ် ဘုံတို့၌ကား၊ အခါခပ်သိမ်း ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်ကို မရကြ လေ၊ အလျှင်း ဒိဋ္ဌိမှောင်ကြီး ကျ၍ နေသော ဘုံများ ပေ တည်း။

ဗုဒ္ဓဘာသာ, သာသနာ တော်မှာ။ ဤဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် အမြင် ဖြစ်ထွန်း၏ဟု ဆိုသော်လည်း။ လူတိုင်းမှာပင် ဖြစ်ထွန်း သည် မဟုတ်-စင်စစ်မှာ။ ကလျာဏပုထုဇဉ် ရုပ်နာမ် ကွဲပြား

(ဒုတိယအကြိမ်)

သော ပုဂ္ဂိုလ်တို့ သန္တာန် မှာသာ ဖြစ်ထွန်းနိုင်သည်၊ လောကဥ္စ လူချင်း တူသော်လည်း။ အသက်ရှုခြင်း အလွန် ကွာဝေးကြသေးသော။ ပရမတ္ထ တရားတော်မြတ်ကို မသိဘဲ။ အသက်တရာ နေရသော အန္ဓပုထုဇဥ် အဖြစ်ထက်။ ရုပ်နာမ် ခန္ဓာ အာယတန - ဓာတ်တရားတို့ကို သိ၍။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် အမြင်ကို ရလိုက်-တရက်မျှ အသက်ရှင်ရခြင်းသည် ထူးမြတ်လေသည်။

ဤအဓိပ္ပါယ်ကိုရည်၍။ ဓမ္မပဒပါဠိတော် သဟဿဝဂ်၌။

ယောစ ဝဿသတံ ဇီဝေ၊
အပဿံ ဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဓမ္မမုတ္တမံ။

ဤသို့ မြတ်စွာဘုရားသခင် ဟောကြားတော်မူသည်။

အနက်ကား။ ။ယောစ၊ အကြင် အန္ဓပုထုဇဥ်သည်ကား။ ဓမ္မမုတ္တမံ၊ ခန္ဓာအာယတနဓာတ်၊ ကိုးရပ်သော လောကုတ္တရာတရားတော်မြတ်ကို။ အပဿံ၊ အပဿန္တော၊ မသိမမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ရာ၏။ တတော၊ ထိုသို့ တရားထူး တရားမြတ်ကို မသိဘဲ အနှစ်တရာ

(ဒုတိယအုပ်ကြီး)

အသက် ရှည်ရခြင်းထက်။ ဓမ္မမုတ္တမံ၊ တရားထူး တရားမြတ်ကို။ ပဿတော၊ သိမြင်သော ကလျာဏ ပုထုဇဉ်အား။ ဧကာဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊ အသက် ရှည်ရခြင်းသည်။ သေယျော၊ မြတ်လေ၏။

ဤပါဠိတော်များကို ထောက်ထား၍။ ယခုဘုရားသခင်၏၊ ပရိယတ္တိ သာသနာ – ပဋိပတ္တိ သာသနာတော် ထွန်းကား၍ နေစဉ်၊ ထိုသာသနာတော် အတွင်း၌ ကြုံကြိုက် ကြသော ဗုဒ္ဓဘာသာ အစစ်ဖြစ်ကြသော သူတို့သည်။ သာမည ပုထုဇဉ် အဖြစ်နှင့်၊ နေ့ရက်များမကုံစေဘဲ။ ခန္ဓာအာယတန ဓာတ်သစ္စာ တရားများကိုသိ၍၊ ကလျာဏပုထုဇဉ် အဖြစ်နှင့်၊နေ့ရက်များကို အသုံးချသင့်လှပေသတည်း။

ယခုအခါ၊ အဘိဓမ္မာကျမ်းကြီး ကျမ်းငယ်များကို။ ကျနသေချာ၊ ဆရာထံရင်း – မြကပ်ချင်း၍။ သင်အံ လေ့ကျက်ဆောင်ရွက်ခြင်း အမှုကို၊ မပြုဘူးသော သူတို့၏ အကျိုးငှာ၊ ရှေးဦးစွာ ရုပ်တရား–နာမ်တရား နှစ်ပါးသော အကျဉ်းခွဲနည်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်ကို ရ၍။ ကလျာဏ ပုထုဇဉ် ဖြစ်နိုင်ရန် နည်းလမ်းကို ပြဆိုပေအံ့။

ဒိဋ္ဌိဝိသုဒ္ဓိ၏ သဘောမှာ။ ပုဂ္ဂိုလ် သတ္တဝါ- ငါ- သူတပါးယောကျာ်း – မိန်းမဟူ၍ မှတ်ထင်ချက်မှ စင်ကြယ်ခြင်းပင်
(ဒုတိယအကြိမ်)

တည်း။ ပုထုဇဉ် သတ္တဝါ ဟူသမျှတို့သည်။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် အမြင်ကို မရ၊ သက္ကာယဒိဋ္ဌိ မှောင်ကျ၍ နေခြင်းကြောင့်။ ရှိရှိ၍ နေသော ကိုယ်ခန္ဓာကို-ငါငါဟု အထင်လွဲ၍ နေကြကုန်သည်။ ထိုသို့ သက္ကာယဒိဋ္ဌိ မှောင်ကျ၍ မိမိကိုယ်ခန္ဓာ၌ ရှိသော တရားများကို။ အသေ အချာ မသိကြကုန်ဘဲ မှောင်ကျသော သတ္တဝါ များကို။ ပုထုဇဉ် သတ္တဝါများဟူ၍ ဆိုရကုန်၏၊ ထိုသက္ကာယဒိဋ္ဌိ မှောင်မိ၍-ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင် အလင်း မဖြစ်နိုင်သမျှ ကာလပတ်လုံး။ အပါယ် ဆင်းရဲ စသော ဒုက္ခ အမျိုးမျိုးတို့မှ။ ကင်းရှင်း လွတ်ကွာ နိုင်မည် မဟုတ်။ ဇာတိ စသော ဒုက္ခမျိုးတို့နှင့် တထွေး လုံးလုံး။ တရစ် ပတ်ပတ် မပြတ်နိုင်ဘဲသာ ရှိလိမ့်မည်ဟု မုချဆိုရ၏။ ထိုကြောင့်၊ ဤဒိဋ္ဌိ ဝိသုဒ္ဓိဉာဏ်အမြင် ပေါက်ရောက် ရရှိအောင် ကြိုးစားသင့်၏၊ ထိုဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင် ဖြစ်ပုံမှာ ရှိရှိသမျှသော သတ္တဝါတို့၏ ခန္ဓာကိုယ်၌။ အဘယ် တရားများ စုပုံ၍ နေသနည်းဟု- ရှေးဦးစွာ စင်းစား ဆင်ခြင်ကြရမည်။ ထိုသို့ စင်းစား ဆင်ခြင်လျှင်၊ အကျဉ်း အားဖြင့်၊ ရုပ်တရား - နာမ်တရား နှစ်ပါးကို ဉာဏ်၌ ထင်ထင် တွေ့လာကြလိမ့်မည်။

သတ္တဝါတိုင်း မှာပင် မြင်ရ = တွေ့ရ - စမ်း၍ရသော ကိုယ် ကောင် အထည်ကို၊ ရုပ်ဟူ၍ ဆိုသည်။ ထိုရုပ် ကိုယ်ကြီးသည် ဘာစိတ်တခုသော အာရုံကို ကြံနိုင်-သိနိုင်-စင်းစားနိုင်သော တရား မျိုး မဟုတ် အနာရမ္မဏ တရားမျိုးသာတည်း။ ။

(ဒုတိယအကြိမ်)

ထိုရုပ်တရား တည်းဟူသော အထည် ကိုယ်ကြီးပေါ်၌ မှီတွယ်၍ ဖြစ်သော- နူးညံ့ သိမ်မွေ့ လှစွာသော တရားမျိုးကို နာမ်တရားဟူ၍ ဆိုသည်။ ထိုနာမ်တရားသည်၊ မြင်ရ၊ တွေ့ရ၊ စမ်း၍ ရသော တရားမျိုး မဟုတ်။ အကောင် အထည် ရစကောင်း သော တရားမျိုးမဟုတ်။ စင်စစ်မှာ ရုပ်အထည် ကိုယ်ပေါ်၌ မှီတွယ်၍ အာရုံ အမျိုးမျိုးကို၊ ကြံတတ်-သိတတ်-စဉ်းစား ဆင်ခြင်တတ်သော တရားမျိုးပေတည်း။ ထိုနာမ်တရား၏ အစွမ်း သတ္တိကြောင့် သတ္တဝါ အမျိုးမျိုး တို့သည် - အာရုံ အမျိုးမျိုး တို့ကို သိနိုင်ကြကုန်သည်။

ထိုရုပ်တရား၊ နာမ်တရား - နှစ်ပါးသော တရားမျိုးတို့၏ ပေါင်းဆုံ စုဝေး၍နေသော- အစု အပုံကြီး ကိုပင်။ သက္ကာယ ဒိဋ္ဌိ တည်းဟူသော။ မှောင်ကြီး ကျ၍ နေသော ပုထုဇဉ် သတ္တဝါများက။ ယောကျ်ားဟူ၍ရင်း - မိန်းမဟူ၍ရင်း-အစွဲ အလမ်း ပြင်းထန်စွာနှင့် ပြောဆို ခေါ်ဝေါ်ကြ ကုန်သည်။ စင်စစ် အားဖြင့်ကား ရုပ်နာမ် နှစ်ပါးတို့၏ ပေါင်းဆုံ စုဝေး၍ နေသော ပရမတ္ထ အစု အပုံ မျှသာ ဖြစ်သည် ထိုရုပ်စု-နာမ်စု၌ တစုံတရာ။ ငါသူတပါး၊ ယောကျ်ား မိန်းမ ဟူ၍မရှိ။ ကျွဲ-နွား ဆင် - မြင်း - ပုဂ္ဂိုလ်-သတ္တဝါ- နတ်ပြဟ္မာဟူ၍မရှိ။ ရုပ်နာမ်အစု အတိသာတည်းဟူ၍ ပေါ်ပေါက် ထင်မြင်လာလျှင်။ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်ကို ရပြီဟု ဆိုရသည်။

(ဒုတိယအကြိမ်)

စက်ယန္တရား ရုပ်ကြီး၏ လှုပ်ရှား သွားလာ ကခုံ၍နေသော ဥပမာဖြင့်၊ ရုပ်နာမ်နှစ်ပါး ထင်ရှား ကွဲပြားအောင် ပြဆိုပေအံ့။ ။စက်အမျိုးမျိုး တပ်၍ထားသော ယန္တရားအရုပ်ကြီး၌ စက်ကြိုးတို့ကို ဖြုတ်၍ထားလျှင်၊ ကခုံလှုပ်ရှားခြင်းကို မပြုနိုင်ဘဲ။ တုံးလုံး လဲ၍ နေလေ၏။ အကြီး အငယ် အမျိုးမျိုး အစားစား၊ စက်ယန္တရား ကြိုးတို့ကို နေရာတကျ ဆင်၍-ပြုပြင်သောအခါမှ။ ထိုစက်ယန္တရား ရုပ်ကြီးသည်။ ကခုံလှုပ်ရှားခြင်း-သွားလာခြင်းတို့ကို ပြုနိုင်သည်၊ ထိုစက်ယန္တရား ရုပ်ကြီးနှင့် တူစွာ၊ သတ္တဝါတို့၏ ရုပ်ကောင် အထည် ကိုယ်ကြီး၌၊ စိတ် ခေါ်သော နာမ်တရား စုသည်။ စက်ယန္တရားကြိုး အမျိုးမျိုးနှင့်တူ၏။ ရုပ်တရား အထည် ကိုယ်ကြီးသည်-အရုပ်ကြီးနှင့်တူ၏၊ စက်ယန္တရားကြိုး အမျိုးမျိုးတပ်၍ ပြုသော အရုပ်ကြီးသည်။ ကခုံလှုပ်ရှားခြင်း စသည်ကို ပြုနိုင်သကဲ့သို့။ ထိုအတူ၊ နာမ်ဝိညာဏ်ရှိသော ရုပ်ကောင်ကြီးသည်လည်း။ သွားခြင်း လာခြင်းစသော အမှုအမျိုးမျိုးကို ပြုနိုင်သည်၊ ခရီးသွားစေတတ်သော စိတ်တည်းဟူသော ကြိုးက ဆွဲလျှင်၊ ရုပ်ကောင်ကြီးက လှမ်း၍ ရောက်အောင် သွားရလေ၏။ ထိုင်စေတတ်သော စိတ်က ဆွဲလျှင်၊ ရုပ်ကောင်ကြီး ထိုင်ရလေ၏။ ထစေတတ်သော စိတ်ကဆွဲလျှင်၊ ရုပ်ကောင်ကြီးက ထရလေ၏။ သတ္တဝါတကောင်ကို သတ်စေတတ်သော စိတ်ကဆွဲလျှင်၊ ရုပ်ကောင်ကြီးက သေအောင် သတ်ဖြတ်ရလေ၏။ သူတပါးတို့၏ ပစ္စည်းကို ခိုးယူစေတတ်သော စိတ်ကဆွဲလျှင်၊ ရုပ်တည်းဟူ

သော လက်က ရအောင် ခိုးယူလေ၏။ ဤသို့ စသည်ဖြင့်၊ အကုသိုလ်မှု အမျိုးမျိုးတို့ကို၊ စက်ကြိုးနှင့် တူသော စိတ်က ဆွဲတိုင်း ဆွဲတိုင်း၊ အရုပ်ကြီးနှင့် တူသော ခန္ဓာကိုယ် ရုပကာယကြီးက၊ နောက်ထပ်လိုက်၍ ပြုရလေ၏။ ။

ကုသိုလ် အရာ၌လည်း။ ကျောင်းဘုရားရှိရာသို့ သွားစေတတ်သော စိတ်ကဆွဲလျှင်- ရုပ်ကောင်ကြီးက - ရောက်အောင် လှမ်း၍သွားရလေ၏။ လှူဒါန်းလိုသော စိတ်ကဆွဲလျှင်-ဒါနဝတ္ထုကို ရှာမှီး၍-ရုပ်ကောင်ကြီးက လှမ်း၍ လှူဒါန်းရလေ၏။ သီလဆောက်တည်လိုသော စိတ်ကဆွဲလျှင်။ ရုပ်ကောင်ကြီးက ကိုင်းရှိုင်း ညွတ်တွားကာ။ နှုတ်ခမ်းကို ဟာဘွင့်၍-ခံယူ ဆောက်တည်ရလေ၏။ ။ဤသို့စသည်ဖြင့်၊ ကုသိုလ်ကောင်းမှု အမျိုးမျိုး တို့ကိုလည်း စိတ်ဆွဲတိုင်း ရုပ်ကလိုက်၍ ပြုရလေ၏။ ။

စက်ယန္တရားကြိုး မပါသော အရုပ် ကြီးသည်။ ကခုံ လှုပ်ရှားခြင်းငှာ မတတ်နိုင် သကဲ့သို့။ နာမ် ဝိညာဏ် ကင်းသော ရုပ်ကောင်ကြီး သည်လည်း၊ လှုပ်ရှား သွားလာခြင်း စသော အမှုအရာတို့ကို မပြု မလုပ်နိုင်။ ဝိညာဏ် မရှိသော-သူသေကောင်ကိုရင်း နာမ် ဝိညာဏ် မရှိ - ရုပ်အတိသာ ရှိသော။ အသညသတ် ပြဟ္မာကိုရင်း။ သက်သေ ထား၍ ဆင်ခြင် ကြရမည်။

(ဒုတိယအကြိမ်)

ယခင်ဆိုခဲ့ပြီးသောအဓိပ္ပါယ်ကိုပါဠိဂါထာဖြင့်။ ပြဆိုကြောင်း။

ယထာ ယန္တရူပေါ လောကော၊
ယောဂတ္တေနေဝ, စလာပိတော။
ဇီဝံစိတ္တေန ကမ္မေသု၊
ရူပကာယော, စလာပိတော။ ။

အနက်ကား။ ။လောကော၊ပျက်ကဖြစ်ပြန်။ အနိစ္စံဟူ၊ ရုပ်နာမ် မမြဲ။ လောကထဲ၌။ ယန္တရူပေါ၊ ယန္တရားပြုင်။ ကြိုးစုံဆင်သော အသွင်ရုပ်သေးကို။ ကမ္မေသု၊ လက်ခြေ ချီမြှောက်။ ရှေ့နောက် ခုံလှုသွား။ ကိုယ်ခါးယိမ်းနွဲ့။ ဦးခေါင်းငဲ့ထွေ။ ကခြေစသောအမှုတို့၌။ ရူပိကေန၊ ပရိသတ်စုံ။ ပွဲလယ်ဘုံဝယ်၊ ဟန်ကုန်ပြရေး။ ရုပ်သေးဆရာကြီးသည်။ ယောဂတ္တေနေဝ၊ ယန္တရား စက်ကြိုး၊ အမျိုးမျိုးဖြင့် သာလျှင်။ စလာပိတောယထာ၊ ထိုညှိမနေ- ကသော ထွေဖြင့်။ လှုပ်စေအပ်သည်ကဲ့သို့။ ဇီဝံတထာ၊ ဤတူအလား၊ ပုံမခြားသာလျှင်။ ရူပကာယော၊ ကျင်ငယ်ကျင်ကြီး။ ယိုစီးထွက်ရာ။ ခန္ဓာကောင်ပုပ်။ ကြိုးဆွဲ ရုပ်ကို။ စိတ္တေန၊ ဆွဲကြိုးပမာ၊ များစွာအာရုံ အကုန်သိမှတ် ဝိညာဏ်ခတ်သည်။ ကမ္မေသု၊ သွားခြင်း - လာခြင်း။ မကြွင်း သိပ္ပ။ မှုကိစ္စတို့၌။ စလာပိတော၊ အလိုရှိတိုင်း။ မဆိုင်းနိစ္စ၊ နေ့ညသွားလာ။ ခါခါမနေ၊ လှုပ်ရှားစေ၏။

[(ဒုတိယအကြိမ်)]

ဤသို့ စက်ယန္တရားရုပ် ဥပမာဖြင့်။ ရုပ်တရား, နာမ်တရားနှစ်ပါးကို၊ အကျဉ်းအားဖြင့် ထင်မြင်အပ်၏။

ဥပမာ တနည်းသော်ကား။ ။စိတ်စေတသိက် နာမ်တရားသည် အရှင် သခင်နှင့် တူ၏။ ရုပ်တရားသည် ကျွန်နှင့် တူ၏။ ထိုစကားကိုခွဲ၍ ပြဦးအံ့။ ။အရှင်သခင်တို့မည်သည်။ ထိုထို အမှုကိစ္စ ဟူသမျှတို့၌။ ကျွန်ကို ခိုင်းစေ၏။ အရှင် ခိုင်းစေတိုင်း ကျွန်ကလည်း ပြုလုပ်ရ၏။ ထိုအတူ နာမ်တရား တည်းဟူသော အရှင်သည်။ ရုပ်တရားတည်းဟူသော ကျွန်ကို ခိုင်းစေ၏။ နာမ်ခေါ်သော စိတ်က တစုံတခုသော အရပ်ဒေသသို့၊ သွားအောင် ခိုင်းစေလျှင်၊ ရုပ်ကောင်ကြီးက လှမ်း၍ သွားလိုသော အရပ်သို့ ရောက်အောင် သွားရလေ၏။ တစုံတခုသော ဝတ္ထုကို။ ကိုင်တွယ်လိုသောစိတ် ပေါ်ပေါက် လာလျှင်၊ ရုပ်တည်းဟူသော လက်က-လှမ်း၍ မိအောင် ကိုင်တွယ် လေ၏။ တစုံတခု-အဖြူ အနီစသော ရူပါရုံကို ကြည့်ရှုလိုသောစိတ် ဖြစ်ပေါ်လာလျှင်၊ စက္ခုပသာဒ တည်းဟူသော ရုပ်က-ဘွင့်၍ မြင်အောင် ကြည့်ရလေ၏။ စိတ်က သတ္တဝါ တကောင်ကို။ သတ်ဖြတ် လိုသည်ဟု တိုက်တွန်း စေခိုင်းလျှင် - ရုပ်တည်းဟူသော ကိုယ်ကောင်ကြီးက သေအောင် သတ်ဖြတ်ရ လေ၏။ သူတပါး၏ ပစ္စည်းကို ခိုးယူချင်သော စိတ်ကတိုက်တွန်းစေခိုင်းလျှင်။ ရုပ်တည်းဟူသော လက်က ရအောင် ခိုးယူရလေ၏။ ဆဲချင်သောစိတ် ဖြစ်ပေါ်လာလျှင်။ ရုပ်တည်းဟူသော ပါးစပ်က-အသံကို ထုတ်ဘော်၍၊ ယုတ်ယုတ်မာမာ စက်ဆုပ်စရာ ဆဲရလေ၏။

ဤသို့ စသည်ဖြင့် အကုသိုလ်အမျိုးမျိုးတို့ကို။ စိတ်ကခိုင်းစေတိုင်း-ရုပ်က နောက်ထပ် လိုက်၍ ပြုရလေ၏။ ။

ကုသိုလ်အရာ၌လည်း။ ဘုရားရှိခိုးလိုသော ကုသိုလ်စိတ် ဖြစ်ပေါ်လာလျှင်။ ရုပ်တည်းဟူသော ကိုယ်ကောင်ကြီးက- ကိုင်းရှိုင်း ညွတ်တွားကာ ဦးချ၍ ရှိခိုးရလေ၏။ ကျောင်းသို့-ဇရပ်သို့ ဥပုသ်စောင့် သွားချင်သည်ဟု စိတ်က တိုက်တွန်း စေ့ဆော်လျှင်။ ရုပ်တရားက ရောက်အောင် ပို့ဆောင် ရလေ၏။ သီလဆောက်တည် လိုသည်ဟု စိတ်က တိုက်တွန်း စေ့ဆော်လျှင် ရုပ်တည်းဟူသော ပါးစပ်က၊ နှုတ်မြွက်၍ ခံယူဆောက်တည်ရလေ၏။ ဤသို့စသည်ဖြင့် ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကိုလည်း။ စိတ်တည်းဟူသော သခင်က စေခိုင်းတိုင်း ကျွန်နှင့်တူသော ရုပ်တရားက။ နောက်ထပ်လိုက်၍ ပြုရလေ၏။ ။
ယခင် ပြဆိုကဲ့ပြီးသော အဓိပ္ပါယ်ကို ပါဠိဂါထာဖြင့် ပြဆိုကြောင်း။

ယထာ ကိစ္စေသု ဒါသဥ္စ၊
လောကေ ကာရေတိ သာမိကော။
ဇဝိစိတ္တေန ကမ္မေသု၊
ရူပကာယေ့ ကာရိတော။ ။

အနက်ကား။ ။လောကေ၊ သတ္တလောက-ပေါင်းစုခေါ်မှတ်။ လောကဓာတ်၌။ သာမိကော၊ အာဏာ ပိုင်မိုး၊ အစိုးရသွင်
(ဒုတိယအကြိမ်)

ပစ္စည်းရှင်သည်။ ဒါသဥ္စ၊ ခိုင်းစေရန်ဟု။ စိတ်သန်ဝံယ်ထား။ကျွန်ယောကျ်ားကိုရင်း။စ၊ပစ္စည်းခင်ငြားစာရင်းငှားကိုရင်း။ကိစ္စသူသွားလာချက်ပြုတ်။ မယုတ်ကြီးငယ် သွယ်သွယ်များလှ၊ မှုကိစ္စတို့၌။ ကာရေတိယထာ၊ အလိုရှိတိုင်း မဆိုင်းနေ့ည ခိုင်းစေရသကဲ့သို့။ ဧဝံတထာ၊ ဤသို့တမူ၊ ပုံတူမခြား၊ပမာအားဖြင့် သာလျှင်။ ရူပက္ခန္ဓာဝ၊ရုပ်အဌဝိ။ အညီပေါင်းစု။တခုမကျန်။ ခန္ဓာကျွန်ကိုသာလျှင်။ စိတ္တေန၊ဆန်းကျယ်မဆုံး၊ လုံးစုံအာရုံ။အကုံထင်မြင်၊ စိတ်သခင်သည်။ ကမ္မေသု၊ ပြုရာပြုခင်း။ မကြွင်းစေရ၊ မှုကိစ္စတို့၌။ ကာရိတော၊ ဘဝကြီးငယ်၊ မဖယ်ညှဉ်းပန်း။ ကိုယ်ကျိုးနှမ်းနေ၊ စေခိုင်းပေ၏။ ။

ဤသို့ - ပြုပြုသမျှသော အမူအရာ တို့ကို၊ ပုဂ္ဂိုလ်ပြုသည်၊ သတ္တဝါပြုသည်၊ ငါပြုသည်၊ သူတပါးပြုသည်၊ ယောကျ်ားပြုသည်၊မိန်းမပြုသည်ဟု, အမှတ်မထားဘဲ၊ ရုပ်တရားနာမ်တရားနှစ်ပါးတို့ပြုသော။ ပရမတ္ထကြီယာ အမူအရာမျှသာ ဖြစ်သည်ဟုယူမှတ်လျှင် သက္ကာယ ဒိဋ္ဌိမှောင်ကြီးမှ အလင်း ပွင့်၍၊ ဒိဋ္ဌိဝိသုဒ္ဓိညာဏ် အမြင်ကြီး ဖြစ်ပေါ်လာ၏။

ဤကား။ ရုပ်တရား, နာမ်တရား, နှစ်ပါးဟု ဆိုအပ်သော အကျဉ်းခွဲနည်းဖြင့် - ဒိဋ္ဌိဝိသုဒ္ဓိညာဏ် အမြင်ကိုရ၍။ ကလျာဏပုထုဇဉ်ဖြစ်ရန် နည်းလမ်းကို ပြဆိုချက်တည်း။

(ဒုတိယအခန်း)

ယခုအခါ အဘိဓမ္မာ ကျမ်းဂန်များကို သင်အံလေ့ကျက် ကြည့်ရှု မှတ်သားဘူးသောသူတို့ ကြည့်ရှု မှတ်သားလွယ်ရန် အကျယ်ခွဲနည်းကို ပြဆိုပေအံ့။ ။

အကျယ် ခွဲနည်းမှာ၊ နောက်က ဆိုခဲ့သည်နှင့် လျော်စွာ စိတ်, စေတသိက်,ရုပ်,နိဗ္ဗာန်, ဟူသော ပရမတ္ထတရား လေးပါးတို့တွင် စိတ်ကို- တခုယုတ်ကိုးဆယ်-အကျယ် တရာ့နှစ်ဆယ့် တပါး၊ သဘော လက္ခဏာနှင့်တကွ သိအောင်စေ့ဘန်ရာ၏။ စေတသိက် ငါးဆယ့်နှစ်ပါးကိုလည်း သရုပ်သဘော လက္ခဏာနှင့် တကွ သိအောင်စေ့ဘန်ရာ၏။ ရုပ်နှစ်ဆယ့်ရှစ်ပါးကိုလည်း- သမုဋ္ဌာန် လေးပါးနှင့်တကွ၊ ရုပ်ကလာပ်စည်းများကို သိအောင် စေ့ဘန် ရာ၏။ နိဗ္ဗာန်၏ သဘောကိုလည်း၊ ယထာဘူတ အနုမာနဉာဏ် ဖြင့် သိအောင် ကြံစည် အားထုတ်ရာ၏။ ။ဤသို့ ရှေးဦးစွာ စေ့ဘန်ပြီး သိပြီးသော၊ အသီးအသီး သဘော လက္ခဏာနှင့် တကွဖြစ်သော၊ ပရမတ္ထဓမ္မကို-ခန္ဓာ-အာယတန-ဓာတ်စသည်ဖြင့် ဘွဲ့အပ်၏။

ဘွဲ့ပုံကား။

၁	ရူပက္ခန္ဓာ	ရုပ်-၂၈-ခုကိုကောက်
၂	ဝေဒနာက္ခန္ဓာ	ဝေဒနာစေတသိက်တခု
၃	သညာက္ခန္ဓာ	သညာစေတသိက်တခု (ဒုသိယအကြိမ်)

၄ သင်္ခါရက္ခန္ဓာ ဝေဒနာ သညာမှ ကြွင်းသော
စေတသိက် ၅၀

၅ ဝိညာဏက္ခန္ဓာ — စိတ်တခုယုတ် ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ့် တစ်ပါးကို ကောက်

ဤရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ငါးပါးကို၊ ပဉ္စက္ခန္ဓာ ဟူ၍ ဟောဘော်မူပေ၏။ ဗုဒ္ဓရှင်းပါငြိတော်၌၊ ပဉ္စသဒ္ဒါသည်၊ ငါးခုသင်္ချာကို ဟော၏။ ထိုကြောင့် ခန္ဓာကို ငါးပါးထက် အလွန် အယုတ်မရှိဟု သိအပ်၏။ခန္ဓသဒ္ဒါ၏ အနက်ကား။ ။ခန္ဓာ၊ အစု အပေါင်းဖြစ်သော ခန္ဓာတို့သည်။ ဝါ၊များစွာသော ဆင်းရဲတို့သည် တူးဖြိုအပ်သော ခန္ဓာတို့သည်။ ဝါ၊ အချည်းနှီးကို ဆောင်တတ်သော ခန္ဓာတို့သည်။ ။ ဤကား ခန္ဓာ ငါးပါးလုံးနှင့် ဆက်ဆံသော ခန္ဓသဒ္ဒါ၏ အနက်တည်း။ ။

အစုအပေါင်း ဖြစ်သောကြောင့် ခန္ဓာမည်၏ဟု ဆိုရာ၌၊ ဝေဒနာ, သညာတို့မှာ အပေါင်းအစုမရှိ၊ တရားကိုယ် တခုစီသာ ဖြစ်သောကြောင့်၊ အဘယ် သို့လျှင် ခန္ဓာ မည်ပါအံ့ နည်းဟု မေးငြားအံ့။ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဟူ၍၊ အတိတ်စသော တဆယ့်တပါးသော အရာတို့၌ ဝေဘန်အပ်သော၊ စဘုဘူမက ဝေဒနာကို ပေါင်း၍ ဝေဒနာက္ခန္ဓာဟု ဆိုသည်၊ သညာက္ခန္ဓာ ၌လည်း စကျ္ခုံ သမ္ဘာကြောင့် ဖြစ်
(ဒုတိယအကြိမ်)

သော သညာ၊ သောတ သမ္ဖဿကြောင့် ဖြစ်သော သညာ၊ ပ၊ မနောသမ္ဖဿကြောင့် ဖြစ်သော သညာဟူ၍ တဆယ့်တပါး သော် အရာတို့၌ ဝေဘန်အပ်သော စတုဘူမက သညာကို ပေါင်း၍ သညာက္ခန္ဓာဟူ၍ ခေါ်သည်။ ။

တဆယ့် တပါးသော အခြင်းအရာကို ပြဆိုကြောင်း။

၁	အတီတ	အတိတ်-ဝါ-ချုပ်ပြီး
၂	အနာဂတ	အနာဂတ်-ဝါ-မဖြစ်သေး
၃	ပစ္စုပ္ပန္န	ပစ္စုပ္ပန်-ဝါ-ဖြစ်ဆဲ
၄	အဇ္ဈတ္တ	အတွင်း
၅	ဗဟိဒ္ဓ	အပ
၆	ဩဠာရိက	ရှိုရင်းကြမ်းတန်း
၇	သုခုမ	နူညံ့သိမ်မွေ့
၈	ဟီန	အယုတ်
၉	ပဏီတ	အမြတ်
၁၀	ဒူရ	အဝေး
၁၁	အာသန္န	အနီး

ဤတဆယ့် တပါးသော အခြင်းအရာတို့တွင်၊ ရူပက္ခန္ဓာ၌ ပစ္စုပ္ပန်-အတိတ်-အနာဂတ်အပြားကို ဤသို့ မှတ်အပ်၏၊ ပစ္စုပ္ပန် (ဒုတိယအကြိမ်)

ကို၊ အဒ္ဓါနပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ သမယပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန် ဟူ၍ လေးပါးဝေဘန်အပ်၏။ ထိုလေးပါးတို့တွင်။ ဤဘဝ,တဘဝ လုံး အကျုံးဝင်သော ရုပ်တရားစုသည်၊ အဒ္ဓါန ပစ္စုပ္ပန် မည်၏။ တခုသော ဇောဝီထိ၌ အကျုံးဝင်သော ရုပ်ခန္ဓာစုသည်ရင်း။ တခုသော သမာပတ္တိဝီထိ၌ အကျုံးဝင်သော ရုပ်ခန္ဓာစုသည် ရင်း။ သန္တတိ ပစ္စုပ္ပန်မည်၏။ တမိနစ်ကာလ-တမုဟုတ်ကာလ၊ နံနက်ကာလ၊ ညချမ်းကာလ၊ တနေ့ တရက်စသည်တို့၌ အကျုံး ဝင်သော ရုပ်ခန္ဓာစုသည်၊ သမယ ပစ္စုပ္ပန်မည်၏။ ဥပါဒ်,ဌီ, ဘင်,ဟူသော ခဏသုံးပါးအတွင်း၊ ဖြစ်တုံး-ဖြစ်ဆဲ မချုပ်သေး သော ရုပ်ခန္ဓာစုသည်၊ ခဏပစ္စုပ္ပန်မည်၏။ ဤကား ပစ္စုပ္ပန် ကာလနှင့် သက်ဆိုင်သော ရူပက္ခန္ဓာ စုကို ပြဆိုချက် တည်း။ ဤသို့ ပစ္စုပ္ပန် လေးမျိုးတို့၌ အကျုံးဝင်သော ရူပက္ခန္ဓာ တရား စုများကို ခွဲခြမ်း၍ သိမြင်လျှင်၊ ဖြစ်ပြီးသော အတိတ် ကာလ၌ အကျုံးဝင်သော ရူပက္ခန္ဓာတရားစု၊ မဖြစ်သေး ဖြစ်လတံ့သော အနာဂတ်ကာလ၌ အကျုံးဝင်သော ရူပက္ခန္ဓာတရားစုများကို သိလွယ်မြင်လွယ်နိုင်၏။ သိလွယ်ပုံကား။ ထိုပစ္စုပ္ပန် လေးမျိုး တို့၏၊ ရှေးကဖြစ်ပြီး ချုပ်ပြီးသော ရုပ်ခန္ဓာစုသည် အတိတ် မည်၏။ ထိုပစ္စုပ္ပန်လေးမျိုးတို့မှ နောက်မဖြစ်သေး၊ မဥပါဒ်သေး ဖြစ်လတံ့သော ရုပ်ခန္ဓာစုသည်၊ အနာဂတ်မည်၏။ ။

ထိုပြဆိုခဲ့ပြီးသော ပစ္စုပ္ပန်လေးမျိုးတို့တွင်၊ ခဏပစ္စုပ္ပန်တခု ကိုသာ မုချအားဖြင့် သိအပ်၏။ အဒ္ဓါနပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊

သမယ ပစ္စုပ္ပန်တို့သည်ကား ပရိယာယ်တို့သာဘည်း၊ ထိုပစ္စုပ္ပန် အတိတ် အနာဂတ်ကာလ သုံးပါးမှ ကြွင်းကုန်သော၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက သုခုမ စသော ရှစ်ပါးသော အခြင်းအရာ တို့ကိုကား၊ ၎င်းပုဒ်တို့၏ အနက်ကိုအမှီပြု၍၊ သိလွယ်မြင်လွယ် နိုင်၏။ ။ဤကား ရုပ်တရား၏ အပေါင်းအစုဖြစ်၍ ခန္ဓာ မည်ကြောင်းကို ပြဆိုချက်တည်း။

နာမက္ခန္ဓာ လေးပါး တို့၌ကား။ သန္တတိ ပစ္စုပ္ပန်၊ ခဏ ပစ္စုပ္ပန် နှစ်ပါးဖြင့် ဝေဘန် အပ်၏။ ထိုနှစ်ပါး တို့တွင်၊ တခု သော ဇောဝီထိ၌ အကျုံး ဝင်သော၊ နာမ် တရားစုသည်၎င်း။ တခုသော အာရုံ၌ ဖြစ်သော နာမ်တရား စုသည်၎င်း။ သန္တတိ ပစ္စုပ္ပန် မည်၏။ ဉပါဒ်၊ ဌီ၊ ဘင်၊ ဟူသော၊ ခဏငယ် သုံးခုရှိသော တခုသော စိတ္တက္ခဏ၏။ ဖြစ်တုံးဖြစ်ဆဲသည်၊ ခဏပစ္စုပ္ပန်မည်၏။ ထိုပစ္စုပ္ပန်မှ၊ ရှေးက ဖြစ်ပြီးသော နာမ်တရားစုသည်၊ အတိတ် မည်၏။ ထိုပစ္စုပ္ပန်မှနောက် မဉပါဒ်သေး၊မဖြစ်သေး၊ ဖြစ်လတံ့ သော နာမ် တရားစုသည်။ အနာဂတ် မည်၏။ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ တို့ကိုကား၊ ကုသိုလ်၊ အကုသိုလ်၊ အဗျာ ကတ ဇာတ်အားဖြင့်၎င်း၊ သုခ၊ ဒုက္ခ၊ ဉပေက္ခာ ဝေဒနာ သဘော အားဖြင့်၎င်း၊ ပုဂ္ဂိုလ်အားဖြင့်၎င်း၊ လောကိယ၊ လောကုတ္တရာ အားဖြင့်၎င်း၊ ဝေဘန်ကြလေ။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဒူရ၊ အာသန္နတို့

ကိုလည်း နောက်က ဆိုခဲ့သည့် အတိုင်း၊ သဒ္ဒတ္ထကို အမှီပြု၍ သိလွယ် မြင်လွယ်နိုင်၏။ ။

ဤကား နာမ်တရား၏ အပေါင်း အစုဖြစ်၍။
ခန္ဓာမည်ကြောင်းကို ပြဆိုချက်တည်း။

ဤသို့အတိတ်စသော တဆယ့်တပါးသော အခြင်းအရာတို့၌။ ဝေဘန် အပ်သောကြောင့်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ငါးပါးသည် ခန္ဓာမည်၏။ ထို့ကြောင့်၊ ရာသဋ္ဌေန ခန္ဓာဟူ၍၊ ဋီကာရှင် မိန့်တော်မူသည်။ ရာသဋ္ဌေန၊ အပေါင်းအစု ဟူသော အနက်ကြောင့်၊ ခန္ဓာ၊ ခန္ဓာမည်၏။ ဤတဆယ့် တပါးသော အခြင်းအရာတို့ဖြင့် ဝေဘန်ခြင်းငှာ မထိုက်သောကြောင့်၊ နိဗ္ဗာန်ကို ခန္ဓာ မဟုတ်အပ်၊ ထိုခန္ဓာ မထိုက်သော နိဗ္ဗာန်၏ သဘောလက္ခဏာ အခြင်း အရာသည်၊ အထက် (သစ္စကဏ္ဍ)၌ ထင်စွာ ဖြစ်လတ့်။ ။

ခန္ဓာငါးပါးကို၊ ဥပမာဖြင့် ပြဆိုကြောင်း။

ဖေဏပိဏ္ဍူပမံ ရူပံ။ ဝေဒနာ ပုပ္ဖုဠူပမာ။
မရီစိကူပမာ သညာ။ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ။ ဒေသိတာ ဒိစ္စဗန္ဓုနာ။
ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။
(ဒုတိယအကြိမ်)

ရူပံ၊ ရူပက္ခန္ဓာကို။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်စိုင် ရေမြှုပ်ခဲနှင့် တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို။ ပုပ္ဖုဠူပမာ၊ ရေပွက်နှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သညာ၊ သညာက္ခန္ဓာကို။ မရီစိကူပမာ၊ တံလျှပ်နှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့ကို။ ကဒလူပမာ၊ ငှက်ပျောတုံး၊ လက်ပံတုံးနှင့် တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ မာယူပမံ၊ မျက်လှည့်သည်၊ အမှုနှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အနွယ် ဖြစ်တော်မူသော မြတ်စွာ ဘုရားသခင်သည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။ ။

ထိုဉပမာကို အကျယ်ခွဲ၍ ပြဦးအံ့။

ဖေဏပိဏ္ဍူပမံရူပံ၊ ဟူ၍ ဟောတော်မူအပ်သော ဒေသနာ တော် အရ၊ ရေမြှုပ်စိုင် ရေမြှုပ်ခဲတို့ သဘောသည် အနှစ် သာရမရှိ၊ တဖြစ်ဖြစ်၊ တရွရွ၊ ကုန်တတ်၊ ပျက်တတ်သော သဘော ရှိသောကြောင့်။ ရူပက္ခန္ဓာသည်၊ ရေမြှုပ်စိုင် ရေမြှုပ် ခဲနှင့်တူ၏။ ရေမြှုပ်နှင့်တူစွာ၊ ရူပက္ခန္ဓာကို ရှုအပ်၏ဟု၊ ဟော တော်မူပေ၏။ အနှစ်သာရ မရှိသည်အတွက်၊ ရေမြှုပ်နှင့်တူ သည်ဟူ၍၊ ဟောတော်မူသဖြင့်၊ ရူပက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝ၊ ရူပက္ခန္ဓာ၏ အနိစ္စ၊ ရူပက္ခန္ဓာ၏ ဒုက္ခ၊ ရူပက္ခန္ဓာ၏ အနတ္တ အချက်ကို ပြတော် မူလိုရင်း ဖြစ်သတည်း။

(ဒုတိယအကြိမ်)

ရူပက္ခန္ဓာ၏ ကြီးစွာသော အာဒီနဝ ဟူသည်ကား။ ရေမြှုပ်ပမာ၊ အနှစ်သာရမရှိသော၊ ရုပ်တရားကို။ အနှစ်သာရ ရှိသည်ဟု ထင်မှတ် စွဲလမ်းသော သူတို့အား။ အနှစ်သာရ မရှိခြင်း သဘောသည်။ ကြီးစွာသော အပြစ်ဒေါသ အာဒီနဝပေတည်း။ ။ရူပက္ခန္ဓာ၏ အနိစ္စဟူသည်ကား။ အလုံးစုံသော ရုပ်တရားတို့၏။ ရေမြှုပ်ပမာ အမြဲမတည်၊ တဖြစ်ဖြစ် တရွရွ ချုပ်ပျက်သေဆုံးခြင်း သဘောသည်၊ ရူပက္ခန္ဓာ၏။ အနိစ္စ၊ အချက်ပေတည်း။ ။ရူပက္ခန္ဓာ၏။ ဒုက္ခဟူသည်ကား။ ဘယဋ္ဌေနဒုက္ခံ၊ ဟူသည်နှင့်အညီ၊ အကြင်တရားမျိုးသည်၊ မိမိကို ခင်မင် တွယ်တာသော သူတို့အား၊ များစွာသော ဒုက္ခကို ဖြစ်စေတတ်၏။ ထိုတရားမျိုးသည်၊ ကြောက်မက်ဘွယ် ကောင်းလှသော ဘေးမျိုး စင်စစ်ဖြစ်၍ ဒုက္ခတရားမျိုးမည်၏။ မျက်စေ့၊ နား၊ နှာ၊ အင်္ဂါ ခြေလက်စသော ရုပ်တရားစုကို ခင်မင် တွယ်တာခြင်းကြောင့်၊ ဒုက္ခဘေးကြီးသင့်၍၊ နေသည်ကား။ ရူပက္ခန္ဓာ၏။ ဒုက္ခအချက်ပေတည်း။ ။ရူပက္ခန္ဓာ၏။ အနတ္တဟူသည်ကား။ ရေမြှုပ်နှင့်တူသော၊ ပထဝီစသော ရုပ်စု၊ ရုပ်ပုံကို င ါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ကျွဲနွား၊ ဆင်မြင်း ပုဂ္ဂိုလ်၊ သတ္တဝါစသည်ဖြင့် သဏ္ဌာန်ပညတ် အထု အထည် မထင်ဘဲ၊ ရုပ်စု ရုပ်ပုံကြီးဟု ထင်မြင်ခြင်းသည်ကား၊ ရူပက္ခန္ဓာ၏ အနတ္တ အချက်ပေတည်း။ ။

ဝေဒနာ ပုပ္ဖုဠူပမာ ဟူ၍၊ ဟောတော်မူအပ်သော ဒေသနာတော်အရ၊ ရေပွက် ဥပမာဖြင့်၊ ဝေဒနာ သုံးပါးတို့ ထင်

မြင်အပ်၏။ ရေတို့ဖြင့် ပြည့်သော အင်းအပြင်၊ အိုင်အပြင်၊ ရေကန်အပြင်တို့၌။ လေငြိမ်သောအခါ၊ ကြီးစွာသော မိုးသီးပေါက် တို့ဖြင့်၊ မိုးသီးကြီးသည်းထန်စွာ ရွာသောအခါ အင်းအပြင်၊ အိုင်အပြင်၊ ကန်အပြင် တို့မှာ၊ ငွေကြယ်ပွင့်များ စီချယ်၍၊ ထားဘိ သကဲ့သို့၊ ဖွေးဖွေးဖြူသော ရေပွက်ကြီးငယ်တို့သည် အပြည့် ဖြစ်ပေါ် လာကြပေကုန်၏။ မိုးသီးစဲသောအခါ၌။ တခုမကျန် ကွယ်ပျောက် ကြပေကုန်၏။ ရေအပြင်အတိသာ ကျန်ရှိကုန်၏။ ။ဤကား ဥပမာတည်း။

ထိုအတူ စက္ခုဒွါရ၊ သောတ ဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ ကာယဒွါရ၊ မနောဒွါရ၊ ဤဒွါရ ခြောက်ပါး တည်းဟူသော အင်းအပြင်တို့၌။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဤအာရုံခြောက်ပါး တည်းဟူသော မိုးသီးကြီးသည်းထန်စွာရွာလျှင်၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဤဝေဒနာ သုံးပါး တည်းဟူသော၊ ရေပွက်ကြီးငယ်တို့သည်၊ တဖွားဖွားဖြစ်ပေါ် ကြကုန်၏။ မိုးသီးစဲသောအခါ၌ ရေပွက်များ အကုန် ချုပ်ပျက် ကွယ်ပျောက်၍၊ ရေပြင်အတိသာ ကျန်ရှိကုန်သကဲ့သို့၊ စက္ခုဒွါရ မနောဒွါရ တည်းဟူသော ရေအပြင်၌၊ ရူပါရုံတည်းဟူသော၊ မိုးသီးရွာ၍၊ ဝေဒနာ သုံးပါး တည်းဟူသော၊ ရေပွက်များ ဖြစ်ပျက်မစဲ ရှိနေခိုက်ကို၊ ကြွင်းသော ဒွါရများ၌၊ ရေပြင်အတိသာ ရှိနေဘိသကဲ့သို့ ဖြစ်ကုန်၏။ ရှေးကဖြစ်နှင့်ကြသော၊ ဝေဒနာများလည်း။

(ဒုတိယအကြိမ်)

မိုဃ်းပြတ်စဲလျှင် ရေပွက်တွေ အကုန်- ပျောက်ပျက်ကုန် ဘိသကဲ့သို့၊ အကုန်လုံး ချုပ်ငြိမ်း ကွယ်ပျောက်လေ၏။ ။သောတဒွါရ မနောဒွါရ စသော ကြွင်းသော ဒွါရ အာရုံတို့၌လည်း၊ ဤနည်း အတူ၊ ဥပမာ အပြည့် အစုံ စေ့အောင် ထုတ်လေ။ ။ဤသို့ ဖြစ်ပျက်မစဲ၊ အမြဲမတည်သော ရေပွက်နှင့်တူသည် ဟောတော်မူသဖြင့်၊ ဝေဒနာက္ခန္ဓာ၏ အနိစ္စ အချက် ဒုက္ခ အချက် အနတ္တ အချက်များကို ပြတော်မူလိုရင်းဖြစ်သတည်း။ ။

မရီစိကူပမာ သညာဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်အရ၊ သညာ ဆိုသည်ကား။ မိမိတို့၏ ဖြစ်ရာဘုံလေ့ အမျိုးလေ့ အရပ်လေ့ မိရိုးဘလာလေ့ အလုံးစုံတို့၌ မှတ်မိသားမိသမျှ၊ တတ်သိလိမ္မာ ကျွမ်းကျင်မှု ဟူသမျှတည်း။ ဤကား သညာ၏ လက္ခဏာတည်း။ ။တံလျှပ်ဥပမာဖြင့် ပြဆိုကြောင်း။ တံလျှပ် ဆိုသည်ကား၊ အတွင်း၌ ရေဓာတ် အားကြီးစွာရှိသော၊ အင်းအပြင်၊ အိုင်အပြင်၊ သဲသောင် အပြင်တို့မှ။ ကောင်းကင်၌ မိုဃ်းရေ မိုဃ်းပေါက် ဖြစ်ခြင်းငှာ။ သိမ်မွေ့စွာသော ရေအခိုး တို့သည်၊ နေပြင်းထန်စွာ ပူသော အခါ၌ ထကြကုန်၏။ နေ၏ အရောင်နှင့် ပေါင်းဆုံ ရောနှော မိကြရာ။ အဝေးမှ ကြည့်မျှော်ကြကုန်သော သူတို့အား။ ရေအပြင် လှိုင်းအပြင်ကဲ့သို့ ဖွေးဖွေးဖြူဖြူ၊ ထင်မြင်ကြကုန်၏ ထိုထင်မြင်သော နေရာသို့ ရောက်သွားကြလျှင်၊ တစုံတခုကိုမျှ

မတွေ့မမြင်ကြကုန်။ ။ဤကားဥပမာတည်း။ ။ဤဥပမာ၌ ဘုံသုံးပါးသည်၊ အင်းအပြင် အိုင်အပြင်နှင့် တူ၏။ ပရမတ္ထ ဓာတ်စု ဓာတ်ပုံသည်၊ ချိုးရှိုသောက်၍ အပူအငတ်ကို ပြေပျောက်နိုင်လတံ့ဟု ထင်မှတ်ရသော အနှစ်သာရ မရှိသော ပကတိတံလျှပ် စုနှင့်တူ၏။ သညာ၏ မှတ်ချက်အရ သဏ္ဌာန ပညတ်ကြီးသည်ကား။ အခိုက်အတန့်အားဖြင့် ချိုးသောက်ရန် အနှစ်သာရ ရှိသည်ဟု ထင်မြင်ကြသော၊ လှိုင်းကြီး လှိုင်းငယ် တို့ဖြင့် ချယ်လယ်သော ရေပြင်ကြီးနှင့်တူ၏။ သဏ္ဌာနပညတ်ကြီး ဆိုသည်ကား။ မိမိတို့၏ ကိုယ်ခန္ဓာမှစ၍၊ တသက်လုံး တွေ့ရှိ မှတ်သိသမျှတို့ကို၊ စိတ်နှင့်ရင်း၊ မျက်စေ့နှင့်ရင်း၊ ကြည့်မျှော် ကြသည်ရှိသော်၊ တော၊ တောင်၊ လယ်ယာ၊ မြေပြင်၊ သစ်ပင်၊ တော၊ ခြံ၊ မြို့ရွာ၊ နိဂုံး၊ ကျောင်းအိမ်၊ ဈေးလမ်း၊ အိမ်တန်း၊ ဝင်းခြံ၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ ဥက္ကောင်း၊ ခြေသက်၊ အင်္ဂါကြီးငယ် စသည်တို့ကို တွေ့မြင်ကြလတံ့။ ဤအလုံးစုံကို ပညတ်ဆိုသတည်း။ ရေအပြင် လှိုင်းအပြင်ကဲ့သို့ ဖွေးဖွေးဖြူ ထင်ရသော တံလျှပ်ရှိရာသို့ ရောက်သွားလျှင်၊ တစုံတခုကိုမျှ မတွေ့မမြင်ဘဲ၊ သဲသောင်ပြင် အတိသာ တွေ့မြင်ရ သကဲ့သို့။ ဝိပဿနာဥာဏ်ဖြင့် ပညာရှင်တို့ ကြည့်မြှော် ကြသော အခါ။ တော၊ တောင်၊ လယ်ယာ၊ မြို့ရွာ၊ နိဂုံးစသော တစုံတခု ပညတ်စုကို မတွေ့မမြင်။ ပရမတ္ထဓာတ်စု ဓာတ်ခဲတို့ကိုသာ တွေ့ မြင်ကြရသည် ဖြစ်လတံ့။ ဤသို့အနှစ်သာရမရှိ။ အမှောက် အမှား ထင်ရသော တံလျှပ်နှင့် တူသည်ဟု ဟောတော်မူသဖြင့်

[(ဒုတိယအကြိမ်)]

သညာက္ခန္ဓာ၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တ အချက်များ ကို ပြတော်မူလိုရင်း ဖြစ်သတည်း။

သင်္ခါရာ၊ ကဒလူပမာ ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်အရ။ သင်္ခါရ ဆိုသည်ကား။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် တရားကိုယ် ငါးဆယ်တည်း။ ထိုသင်္ခါရတရားတို့ကို။ ကိုယ်အင်္ဂါ၏ ပြုပြင်လှုပ်ရှားခြင်း ကာယကံ သင်္ခါရတပါး။ နှုတ်အင်္ဂါ၏ ပြုပြင် လှုပ်ရှားခြင်း၊ ဝစီကံ သင်္ခါရတပါး။ စိတ်အင်္ဂါ၏ ပြုပြင်လှုပ်ရှားခြင်း။ ကြံစည်၍ သိခြင်း မနောကံ သင်္ခါရ တပါး၊ ဤသို့သုံးပါးစီ ခွဲခြမ်းဝေဘန် အပ်ကုန်၏။ ဤသင်္ခါရက္ခန္ဓာ၌။ စေတနာ စေတသိက်သည်။ ပဓာန တရားကိုယ် ဖြစ်သတည်း။ ။ငှက်ပျော ဥပမာဖြင့် ပြဆိုကြောင်း။ ။တခုသော ငှက်ပျောဥယျာဉ်ကြီးကို တွေ့မြင်ကြသော သူရူး သူနှမ်း များသည်။ငှက်ပျောပင်၏ လုံးရပ်သဏ္ဌာန်ပင်စည် ခက်လက်ချောမွေ့လှသည့် အတွက်ကြောင့်။ အကာအခွံမရှိ၊ သံတိုင်ကြီးကဲ့သို့ အလွန် ခိုင်ခံ့သော သစ်တောကြီး ဖြစ်ပေသည်။ ဤဥယျာဉ်ကြီးကို သစ်တပ်မြို့ပြု၍ နေလျှင်၊ တောဆင်ရိုင်းပေါင်း ထောင်သောင်းပင်လာသော်လည်း၊ မထိုးမဝှေ့နိုင်လတံ့ဟု ထင်ကြကုန်၏။ငှက်ပျောပင်၏ အနှစ်မရှိ အလွန်ညံ့ပျော့စွာ အအူအဖတ်သာ ရှိသည်ကိုမသိကြ။ခက်မာမောက်မားသော စိတ်ထားဖြင့် ငှက်ပျောပင်များကို။သစ်တပ်မြို့ပြု၍ နေကုန်၏။ ပြည့်ရှင်မင်း, ကြားသိလတ်သော် ရဲမက်စစ်သည်များကို စေ

လွှတ်သတ်ဖြတ် စေလျှင် အကုန်လုံး သေဆုံးခြင်းသို့ ရောက် ကြကုန်၏။ ဤကား ဥပမာတည်း။

သတ္တဝါ အများသည်။ သူရူး သူနှမ်းတွေနှင့် တူ၏ ကိုယ်ခန္ဓာစုသည် ငှက်ပျောဥယျာဉ် ကြီးများနှင့် တူ၏။ သင်္ခါရက္ခန္ဓာ၊ သင်္ခါရဓာတ်စုသည်၊ ငှက်ပျောပင် များနှင့် တူ၏ သေမင်းသည် ပြည့်ရှင်မင်းနှင့် တူ၏။ အနာရောဂါ စသော အဇ္ဈတ္တဘေးမျိုး ဘီလူး သံဘက်စသော၊ ဗဟိဒ္ဓ ဘေးမျိုး တို့သည်၊ ရဲမက် စစ်သည်တော် များနှင့် တူ၏။ ထိုသူနှမ်း တို့သည် ငှက်ပျော ဉယျာဉ်ကြီးကို သစ်တပ်မြို့ပြု၍၊ ပြည့်ရှင်မင်း ကို။ မထီလေးစားနှင့် နေကြ သကဲ့သို့၊ သတ္တဝါတို့ သည်လည်း အလိုရှိတိုင်း ပြုကျင့်ကြသော၊ ကာယကံ ,ဝစီကံ, မနောကံ ဟုဆိုအပ် ကုန်သော သင်္ခါရဓာတ်တို့၏။ မှမ်းထုံ၍၊ နေကြ သောကြောင့်၊ သေမင်းကြီးကို မထီလေးစား နေကြကုန်၏။ မထီလေးစား ဆိုသည်ကား။ အရွယ်မရောက်က၊ မိမိကိုယ်ကို သေလိမ့်မည်ဟု မထင်ကြကုန်၊ အရွယ်ရောက်၍၊ သေဆုံးသည် ကိုလည်း မကြောက်ရွံ့ကြကုန်၊ စိတ်အေး ကိုယ်အေးနှင့် ကြည်အေး၍သာ နေကြကုန်၏ဟု ဆိုလိုသတည်း။ ဤသို့ ခိုင် ခံ့ခြင်း သဘောမှ ကင်း၍၊ အနှစ်သာရမရှိသော ငှက်ပျော ပင်နှင့် တူသည်ဟု ဟောတော်မူခြင်း သည်ကား။ သင်္ခါရက္ခန္ဓာ၏။ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တ အချက်များကို ပြတော်မူလိုရင်း ဖြစ်သတည်း။

(ဒုတိယအကြိမ်)

မာယူပမဥ္စ ဝိညာဏံ၊ ဟူ၍၊ ဟောတော်မူအပ်သော ဒေသနာတော်အရ၊ ဝိညာဏ် ဆိုသည်ကား။ စိတ်တခု ယုတ်ကိုးဆယ် အကျယ် တရာ့နှစ်ဆယ်, တပါးကို ဆိုသတည်း။ မှီရာဌာနကိစ္စတို့ကို အစွဲပြု၍၊ မြင်တတ်သော စက္ခု ဝိညာဏ်၊ ကြားတတ်သော သောတဝိညာဏ်၊နံတတ်သော ဃာနဝိညာဏ်၊ အရသာကို လျက်တတ်သော ဇိဝှါဝိညာဏ်၊ အတွေ့ အထိကို သိတတ်သော ကာယဝိညာဏ်၊ အကြံ အစည် အလုံးစုံကို သိတတ်သော၊ မနောဝိညာဏ် ဟူ၍၊ ခြောက်ပါး အပြားရှိသတည်း။ ။

မျက်လှည့်သည် ဥပမာဖြင့် ပြဆိုကြောင်း။ ။မျက်လှည့်သည် တယောက်သည်၊ ရှားစောင်း တောကြီး တခုကို၊ ရွှေပဒေသာ ပင်ကြီးများ ပြုလုပ်၍ ပြရာ၏။ တယောက်သောသူသည်၊ အဟုတ် ရွှေပဒေသာ ပင်ကြီးဟု မှတ်ထင်လေ၏။ ပင်စည်ခက်လက် အရွက် အပွင့် အသီးတို့ကိုလည်း၊ အဟုတ် ရွှေသားပကတိ၊ မှတ်ထင်လေ၏။ ငါ့အားရွေးဘုန်း ရွေးကံကြောင့်၊ သိကြားနတ် ဘန်ဆင်း၍၊ ပေးသည်ဟု ထင်မှတ်၍ ဝမ်းမြောက် ဝမ်းသာ၊ ပုတီးနားဒေါင်းစသည် ပြုလုပ်ခြင်းငှာ ရွှေပန်းတိမ်ဖို့သို့ ချလေသော်၊ ရွှေသားမဟုတ် ရှားစောင်းကြီး သားသာ ဖြစ်သောကြောင့် ရွှေမဖြစ်ဘဲ၊ ရှားစောင်းကြီးပြာသာ ဖြစ်လေ၏။ ထိုသို့ ဖြစ်ပါလျက်၊ အပင်၌ မျက်မြင် ရွှေရောင် ရွှေရည် ရှိသည့်အတွက်၊ ရွှေပင် အမှန်ဟု

မှတ်ထင်ရင်း အတိုင်းကို မစွန့်ဘဲ၊ စောင့်ရှောက်၍၊ နေဆဲမှာပင်၊ အသက်ဝိညာဏ် ပြတ်ကင်း၍၊ သေဆုံးခြင်းသို့ ရောက်ရလေ၏။ ။ ဤကား ဥပမာတည်း။ ။ ဘုံသုံးပါးသည် ရှားစောင်း တောကြီးနှင့် တူ၏။ ဝိညာဏ် ခြောက်ပါးသည်။ မျက်လှည့်သည် ဆရာနှင့် တူ၏။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ခန္ဓာငါးပါးသည် ရှားစောင်းပင် ပကတိနှင့် တူ၏။ အထု အထည် သဏ္ဌာန်ပညတ်သည်၊ မျက်လှည့်သည် အတတ်ဖြင့် ထင်မြင် စေအပ်သော၊ ရွှေပဒေသာ ပင်ကြီးများနှင့် တူ၏။ ထိုသူတို့အား ရွှေပဒေသာပင်ဟု မှတ်သင်လေရာ၊ ဝမ်းမြောက် ဝမ်းသာ အကြံ အစည် ဖြစ်ပေါ်လာ သကဲ့သို့၊ ထိုအတူ ဤသတ္တဝါ တို့အား၊ အထုအထည် သဏ္ဌာန် ပညတ်ကြီးကို ထင်မြင်၍၊ နေကြသည် အတွက်၊ ဃရာဝါသ လောကီ အစီး အပွားတို့၌၊ ကိုယ်စိတ် အသိဉ်ရှိသမျှ၊ ဘဝတိုင်း ဘဝတိုင်း လုပ်ကြံ လိုက်စား၍၊ နေကြကုန်၏။ မီးသို့ချလျှင်၊ အသုံးမကျ ပြာဖြစ်သည်ကို မြင်ပါလျက်၊ အပင်၌ ရွှေရောင် ရွှေရည် ရှိနေသည် အတွက်၊ ရွှေပင်တည်းဟု ထင်မှတ်ရင်း အတိုင်း သာယာ စောင့်ရှောက် ဆဲမှာပင် သေဆုံး ပျက်စီး ခြင်းသို့ ရောက်ရသကဲ့သို့ ထိုအတူ၊ ကြီးကြီး၊ ငယ်ငယ်၊ သေဆုံး ပျက်စီးကြ၍၊ အသုံးမကျသော မြေကြီး အစာသာ ဖြစ်ကြသည်ကို တသက် ပတ်လုံး ဒိဋ္ဌ မျက်မြင် ဖြစ်ကြ ပါလျက်၊ အသက် ဝိညာဏ် ရှိစဉ် အခါ၌။ အထု အထည် သဏ္ဌာန် ပညတ် အထင်နှင့် လှည့်ဖြား လျက်၊ ကိုယ့် စီးပွား၊

(ဒုတိယအကြိမ်)

ကိုယ့်ပစ္စည်း ပြုလုပ်ကာ၊ သာယာ စောင့်ရှောက်ဆဲမှာပင်၊ အသက်ဝိညာဏ် ဆုံးခြင်းသို့ ရောက်ကြရလေ၏။

ဤသို့မဟုတ် မမှန်သောကပြန် လှည့်ပြား တတ်သော မျက်လှည့်သည်နှင့် တူသည်ဟု ဟောတော် မူခြင်းသည်ကား။ ဝိညာဏက္ခန္ဓာ၏၊ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက် များကို ပြလိုတော် မူလိုရင်းဖြစ်သတည်း။ ။နာမ်ခန္ဓာလေးပါးတို့၏။ အနိစ္စ, ဒုက္ခ, အနတ္တ, အချက်များကို ဆိုခဲ့ပြီးသော ဥပမာကို မှီ၍ဆင်ခြင်လေ။ ။

ခန္ဓာငါးပါးကို ဥပမာ တနည်းဖြင့်
ပြဆိုကြောင်း။

ရူပက္ခန္ဓာသည်။ ဇရပ်အို၊ ဇရပ်ပျက်နှင့် တူ၏။ ဝေဒနာက္ခန္ဓာသည် အနာရောဂါနှင့် တူ၏။ သညာက္ခန္ဓာသည်။ သွေးလေ သလိပ်စသော၊ အနာရောဂါ တိုးပွားခြင်း၏။ နီးသော အကြောင်းနှင့် တူ၏။ သင်္ခါရက္ခန္ဓာသည်။ မသင့်တင့်သော အာဟာရ၊ ဆေးဝါး စသည်နှင့်တူ၏။ ဝိညာဏက္ခန္ဓာ သည်။ သူနာ သူအိုနှင့် တူ၏။

တနည်းကား။ ။ရူပက္ခန္ဓာသည်၊ အချုပ်တိုက် နှောင်အိမ်နှင့် တူ၏။ ဝေဒနာက္ခန္ဓာသည်၊ မင်းပြစ် ရာဇဒဏ် သင့်

(ဒုတိယအကြိမ်)

သော သူကို၊ မသတ်မိ နှိပ်စက် ညှဥ်းဆဲ ခြင်းနှင့် တူ၏၊ သညာက္ခန္ဓာသည်၊ ခိုးမှု၊ သူသတ်မှု စသော မင်းပြစ် မင်းဒဏ်နှင့် တူ၏။ သင်္ခါရက္ခန္ဓာသည်၊ သူသတ် ယောကျ်ား၊ လက်မရှိ များနှင့် တူ၏။ ဝိညာဏက္ခန္ဓာ သည် မင်းပြစ် မင်းဒဏ် သင့်သော ခိုးသူစသည်နှင့် တူ၏။ ။ဤကား ဥပမာဖြင့် ပြဆိုချက်တည်း။ ။

ခန္ဓာငါးပါးကို အစဉ်အားဖြင့်၊ ဟောပုံကို ပြဆိုကြောင်း။

ဘုရား သခင်သည်၊ ခန္ဓာငါးပါးကို ဟောတော် မူရာငယ်၊ အဘယ်ကြောင့် ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူသနည်း။ ထို့နောက် အဘယ်ကြောင့် ဝေဒနာက္ခန္ဓာကို ဟောတော် မူသနည်း၊ ဤသို့ စသည်ဖြင့်၊ အစဉ် အတိုင်း အမေးပုစ္ဆာ ထုတ်လေ။ ။ထိုအမေး ပုစ္ဆာကို ဖြေဆို ချက်ကား။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, တည်းဟူသော၊ ခန္ဓာ ငါးပါး အစု အပုံကြီး၌။ တလုံးဘခဲ မကွဲမပြား၊ ကိုယ်ဟူ၍၊ ယူမှားသော သတ္တဝါ အပေါင်း အား၊ ကိုယ်ဟူ၍၊ တလုံး တခဲမယူစေဘဲ၊ ကွဲပြားသဖြင့် အသင့်ယူလွယ်, သိလွယ်, မှတ် လွယ်, စေခြင်းငှာ၊ ရုန့်ရင်း ထင်ရှား အများ သိသာသော၊ ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော် မူ၏။ ထိုရူပက္ခန္ဓာ၏၊ အခြားမဲ့၌။ ဣဋ္ဌ, အနိဋ္ဌ, ဣဋ္ဌမဇ္ဈတ္တ, ဖြစ်သော အာရုံကို ခံစားတတ်သော၊ ဝေဒနာက္ခန္ဓာကို ဟောတော်မူပေ၏။ ထိုဝေ ဒနာက္ခန္ဓာ၏။ အခြားမဲ့၌။ အာရုံ၏။ အခြင်းအရာကို ယူတတ်

မှတ်တတ်သော ဝေဒနာ၏ အခြံအရံ ဖြစ်သော၊ သညာက္ခန္ဓာကို ဟောတော် မူပေ၏။ ထိုသညာက္ခန္ဓာ၏။ အခြားမဲ့၌။ သညာ၏၊ အစွမ်းအားဖြင့် ပြုပြင် စီရင်တတ်သော စေတနာအမှူးရှိသော၊ သင်္ခါရက္ခန္ဓာကို ဟောတော်မူပေ၏။ ထိုသင်္ခါရက္ခန္ဓာ၏ အခြားမဲ့၌၊ စေတသိက် နာမ်ခန္ဓာ သုံးပါးတို့၏။ အကြီးအမှူး မှီရာရှေ့သွား ပြဋ္ဌာန်းသော၊ ဝိညာဏက္ခန္ဓာကို ဟောတော် မူပေ၏။ ။ဤကား အစဉ် ဟောပုံကို ပြဆိုချက်တည်း။ ။

ဤသို့ ခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့ကို၊ ဟုတ်မှန်သည့်အတိုင်း ဉာဏ်အမြင် မသက်ဝင် ခြင်းကြောင့်၊ တခဲနက်သော၊ ကိုယ်ခန္ဓာ, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည်ဖြင့် ထင်မှတ်ခါ ခေါ်ဝေါ် စွဲလမ်း ကြကုန်သော၊ သတ္တဝါတို့သည်။ ရှည်ဝေး လှစွာသော၊ သံသရာ, သာဂရ သမုဒ္ဒရာ ကြီးမှ၊ နိဗ္ဗာန် တည်းဟူ သော၊ ကမ်းတဘက်သို့ မဆိုက် မရောက်နိုင်ကြဘဲ အထက်မှာ ဘဝဂ်, အောက်မှာ အဝီစိ၊ သုံးဆယ့်တဘုံ အတွင်း၌၊ ပြောင်းပြန် ဦးစောက်၊ ထက် အောက် ပြန်ကာ၊ ဆုံလည်သည့် နွား၊ ရဟတ် ချားကဲ့သို့၊ အဘန်ဘန် မျောသွား နစ်မြုပ်ကြလျက်၊ အပါယ် လေးဘုံ၌၊ ကြောက်မက်ဘွယ် အတိ၊ ဒုက္ခကြီးဘိ၍၊ မချိအောင် ဆင်းရဲခဲ့ရ သည်လည်း အကြိမ်ကြိမ်၊ အိုသေ, နာရေး, ကြီးစွာသော ဒုက္ခ ဘေးနှင့်လည်း၊ အခါခါ တွေ့ကြုံခဲ့ကြ ကုန်၏။ ။

(ဒုတိယအကြိမ်)

ဤသို့ ခန္ဓာ ငါးပါးကိုမှီ၍ ချမ်းသာခွင့်မရ၊ များစွာသောဆင်းရဲဒုက္ခ အပေါင်း တို့၏။ ဖြစ်ရာ၊ ဆင်းရဲ ဒုက္ခအပေါင်းတို့၏၊ စုဝေးရာသာ ဖြစ်ကြကုန်သတည်း။ ထို့ကြောင့်၊ မိမိတို့၏ ကိုယ်စီ ကိုယ်ငှ ရရှိ၍ နေသော ခန္ဓာ ငါးပါးကိုဆိုအပ်ခဲ့ပြီးသော ခွဲနည်းဖြင့်၊ ခွဲခြမ်း ဆင်ခြင်နိုင်လျှင် ပုဂ္ဂိုလ်ကောင်အထင်၊ သတ္တဝါကောင်အထင်၊ မိန်းမကောင်အထင်၊ ယောကျ်ားကောင် အထင်၊ လူကောင် အထင်၊ နတ်ကောင်အထင်တို့မှ ကင်းကွာလျက် ကလျာဏ ပုထုဇဉ် အဖြစ်သို့ရောက်ပြီဟု ဆိုရတော့သည်။ ကလျာဏ ပုထုဇဉ် အဖြစ်သို့ရောက်လျှင်၊ ဆိုအပ်ခဲ့ပြီးသော ဒုက္ခအမျိုးမျိုးတို့မှ၊ လွတ်ကင်းရန် လမ်းကြောင်းမျိုးကို ရှာမှီးလျက်၊ ဝိပဿနာ ဉာဏ်ကိုအဘန်ဘန် ထက်သန်စေအပ်၏။ ။

ဤကား ခန္ဓာငါးပါးကို ပြဆိုချက်တည်း။

အာယတန တဆယ့်နှစ်ပါးကို
ဆိုရာဆိုကြောင်း။

၁ စက္ခာယတန စက္ခုပသာဒရုပ် (၁) ခုကိုကောက်

၂ သောတာယတန သောတပသာဒရုပ်တခု

၃ ဃာနာယတန ဃာနပသာဒရုပ်တခု

(ဒုတိယအကြိမ်)

၄	ဇိဝှါယတန	ဇိဝှါပသာဒရုပ်တခု
၅	ကာယာယတန	ကာယပသာဒရုပ်တခု
၆	မနာယတန	စိတ်တခုယုတ်ကိုးဆယ်(၈၉)
၇	ရူပါယတန	ရူပါရုံတခု
၈	သဒ္ဒါယတန	သဒ္ဒါရုံတခု
၉	ဂန္ဓာယတန	ဂန္ဓာရုံတခု
၁၀	ရသာယတန	ရသာရုံတခု
၁၁	ဖောဋ္ဌဗ္ဗာယတန	(ပထဝီ, တေဇော, ဝါယော) ဖောဋ္ဌဗ္ဗာရုံ၊ ပေါင်း-၃-ခု
၁၂	ဓမ္မာယတန	စေတသိက်(၅၂)သုခုမရုပ်(၁၆) နိဗ္ဗာန်(၁) ပေါင်း-၆၉

ဤအာယတန တဆယ့်နှစ်ပါး၌ မနာယတန၊ ဓမ္မာယတန နှစ်ပါးကို ကြဉ်၍၊ ကြွင်းသော အာယတန တဆယ်သည်။ ရုပ် အာယတန သက်သက် ပေတည်း၊ ဓမ္မာယတန ကား။ ရုပ်နာမ် နှစ်ပါး ရောသော အာယတန ပေတည်း။ တနည်းကား၊ မနာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန၊ ဤအာယတန သုံးပါးကို ကြဉ်၍ ကြွင်းကိုးပါးသော အာယတနသည်။ တရားကိုယ် တခုစီသာ ရသောကြောင့် သုဒ္ဓါယတန

(ဒုတိယအကြိမ်)

မည်၏။ မနှ, ဖောဋ္ဌဗ္ဗ, ဓမ္မ, ဤအာယတန သုံးပါးကား။ တရားကိုယ် အများ ရောနှော သောကြောင့် မိဿကာယတန မည်၏။ ထို့ကြောင့်၊ အာယတန တဆယ့်နှစ်ပါး၌။ ရုပ်အာယတန တဆယ်၊ နာမ်အာယတန တပါး၊ ရုပ်နာမ် နှစ်ပါး ရောသော အာယတန တပါး၊ ပေါင်းလျှင် တဆယ့်နှစ်ပါး ဖြစ်သတည်း။ တနည်းကား။ သုဒ္ဓါယတန ကိုးပါး မိဿကာယတန သုံးပါး၊ ပေါင်းလျှင်၊ တဆယ့် နှစ်ပါး ဖြစ်သတည်း။ ။

စက္ခာယတနက စ၍ မနာယတန တိုင်အောင်၊ ဤခြောက်ပါးကို၊ အတွင်း၌။ ဖြစ်သောကြောင့်၊ အဇ္ဈတ္တိကာယတနဟူ၍၊ ခေါ်၏။ ရူပါယတန စသော ကြွင်း ခြောက်ပါးကိုကား။ အပ၌ ဖြစ်သောကြောင့်၊ ဗာဟိရာယတနဟူ၍ ခေါ်၏။

အစဉ် အားဖြင့်ကား။ အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင်၊ ထင်ရှားစွာ၊ သိလွယ် ယူလွယ်သော စက္ခာယတန စသည်ကို ရှေးဦးစွာ ဟောတော်မူပေ၏။ စက္ခုစသော ငါးပါးသော အာယတန တို့၏၊ ဆိုင်ရာအာရုံ အလုံးစုံကို ယူနိုင်သောကြောင့် အဇ္ဈတ္တိကာယတန ခြောက်ပါးတွင်၊ မနာယတနကို နောက်ထား၍၊ ဟောတော်မူပေ၏။ စက္ခုစသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏၊ ဆိုင်ရာ အာရုံကို အစဉ် အတိုင်း ပြလိုသောကြောင့်။ ဗာဟိရာယတန ခြောက်ပါးကို နောက်၌။ အစဉ်အတိုင်း ဟောတော်မူပေ၏။

ဤကား၊ အာယတန၌ သရုပ်ခွဲဆိုချက်တည်း။

(ဒုတိယအကြိမ်)

အာယတနတို့၏ ဌာနကိစ္စကို ပြခြင်း။

မျက်လုံးအိမ် အတွင်း၌၊ သန်းဉကြွောင်း ပမာဏ ရှိသော အရပ်ကိုမှီ၍။ ခဏမစဲ ဖြစ်ပေါ်၍ နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှု ဖြစ်သော စက္ခု ခေါ်သော ရုပ်သည်။ စက္ခာယတနမည်၏။ မှန်အကြည်မှာ မျက်နှာရိပ် ထင်သကဲ့သို့။ ရူပါရုံ ဟူသမျှတို့သည်။ စက္ခာယတန ရုပ်အကြည်အား ထင်ရကုန်၏။ ထိုသို့ ထင်နေဆဲအခါ စက္ခာယတန အကြည်ပေါ်၌မှီ၍ ရူပါရုံ အဆင်း အမျိုးမျိုးကို မြင်တတ်သော သဘောသည်၊ မနာယတန မည်၏။ ဤ၌ မနာယတန ဟူသည်ကား။ စက္ခုဝိညာဏ်စိတ်ကို ဆိုသတည်း။ ။

နားအိမ်အတွင်း၌ လက်စွပ်ကွင်းသဏ္ဍာန်ရှိသောအရပ်ကို မှီ၍ ခဏမစဲ ဖြစ်ပေါ်၍ နေသော။ ကမ္မဇမဟာဘုတ်တို့၏။ ကြည်လင်မှု ဖြစ်သော၊ သောတခေါ်သော။ နားအကြည်ရုပ်သည်၊ သောတာ ယတန မည်၏။ စိတ္တဇ ဥတုဇ အသံအမျိုးမျိုးတို့သည်။ သောတာ ယတန ရုပ်အကြည်အား ထင်ရကုန်၏။ ထိုသို့ ထင်နေဆဲအခါ၊ သောတာယတန ရုပ်အကြည်ပေါ်၌မှီ၍ အသံ အမျိုးမျိုးကို ကြားတတ်သော သဘောသည်၊ မနာယတန မည်၏။ ဤ၌ မနာယတန ဟူသည်ကား။ သောတ ဝိညာဏ်စိတ်ကို ဆိုသတည်း။ ။

(ဒုတိယအကြိမ်)

နှာခေါင်းအိမ် အတွင်း၌။ ဆိပ်ခွါသဏ္ဍာန် ရှိသော အရပ်ကို မှီ၍။ ခဏမစဲ ဖြစ်ပေါ်၍ နေသော၊ ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှု ဖြစ်သော ဃာနခေါ်သော နှာခေါင်း အကြည် ရုပ် သည်။ ဃာနာယတန မည်၏။ အနံ့ အမျိုးမျိုး တို့သည်၊ ဃာနာယတန ရုပ်အကြည်၌ ထိခိုက်ကြကုန်၏။ ထိုသို့ ထိခိုက်ဆဲ အခါ။ ဃာနာယတန ရုပ်အကြည်ပေါ်၌ မှီ၍။ အနံ့ အမျိုးမျိုး တို့ကို နံ့တတ်သော သဘောသည် မနာယတန မည်၏။ ဤ၌ မနာယတန ဟူသည်ကား။ ဃာနဝိညာဏ် စိတ်ကို ဆိုသတည်း။

လျှာပေါ်၌ ကြာရွက်ဖျား သဏ္ဍာန်ရှိသော အရပ်ကိုမှီ၍၊ ခဏ မစဲ ဖြစ်ပေါ်၍ နေသော၊ ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှု ဖြစ်သော။ ဇိဝှါ ခေါ်သော လျှာအကြည် ရုပ်သည် ဇိဝှါ ယတန မည်၏။ အရသာ အမျိုးမျိုး တို့သည်။ ဇိဝှါယတန ရုပ် အကြည်ပေါ်၌။ ထိခိုက်ကြကုန်၏။ ထိုသို့ထိခိုက်ဆဲအခါ ဇိဝှါ ယတန ရုပ်အကြည်ပေါ်၌ မှီ၍ အရသာ အမျိုးမျိုးကို လျက် တတ်သော သဘောသည်၊ မနာယတန မည်၏။ ဤ၌ မနာ ယတန ဟူသည်ကား၊ ဇိဝှါဝိညာဏ်စိတ်ကို ဆိုသတည်း။ ။

တွေ့ထိ၍ သိကောင်းသော တကိုယ်လုံး၌။ ခဏမစဲ ဖြစ် ပေါ်၍ နေသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်မှုဖြစ်သော ကာယခေါ်သော ကိုယ်အကြည် ရုပ်သည်၊ ကာယာ ယတန မည်၏။ အပူ၊ အအေး အထိအခိုက် စသော ဖောဋ္ဌဗ္ဗ အာရုံ

အမျိုးမျိုးတို့သည်။ ကာယာ ယတန ရုပ်အကြည်ပေါ်၌ ထိခိုက်ကြကုန်၏။ ထိုသို့ထိခိုက်ဆဲအခါ။ ကာယာ ယတန ရုပ်အကြည်ပေါ်၌။ အပူ အအေး စသော၊ အမျိုးမျိုးသော ဖောဋ္ဌဗ္ဗ အာရုံကို သိတတ်သော သဘောသည်၊ မနာယတန မည်၏။ ဤ၌။ မနာယတန ဟူသည်ကား။ ကာယ ဝိညာဏ်စိတ်ကို ဆိုသတည်း။ ။

ထိခိုက်သည် ထင်သည်ဆိုသော စကားတို့သည်။ အတူတူပင် ဖြစ်ကြ၏။

နှလုံးအိမ် အတွင်း၌။ ဟဒယ ဝတ္ထုရုပ်ကို မှီ၍။ ခဏမစဲ ဖြစ်ပေါ်၍ နေသော အာရုံအမျိုးမျိုး၊ အကြံအမျိုးမျိုးတို့ကို။ သိခြင်း သဘောသည်၊ သုဒ္ဓါ မနာယတန မည်၏။ ထိုမနာယတန သည်။ ဘဝင် မနာယတန၊ ဇဝန မနာယတန ဟူ၍ နှစ်မျိုးရှိ၏။ အိပ်ပျော်နေသောအခါ စသည်တို့၌၊ ခန္ဓာကိုယ်ကို မသေမပျောက်ရုံမျှ၊ စောင့်ရှောက် ချုပ်ထိန်းသော၊ ပင်္ကသန္ဓေ စိတ်နှင့် တူသော စိတ်မျိုးသည်၊ ဘဝင် မနာယတန မည်၏။ ကိုယ်နှုတ်အင်္ဂါ လှုပ်ရှားခြင်း။ စသည်ဖြင့်။ အာရုံ အမျိုးမျိုး တို့ကို အာရုံပြု၍ သိမှုသည်၊ ဇဝန မနာ ယတန မည်၏။

ဤကား အဇ္ဈတ္တိကာ ယတန ခြောက်ပါးကို ပြဆိုချက်တည်း။

(ဒုတိယအကြိမ်)

အဖြူ, အနီ, အကြောင်, အကျား, စသော အဆင်း အမျိုးမျိုးသည်၊ ရူပါယတနမည်၏။ ထိုရူပါယတနသည်၊ စက္ခု ဝိညာဏ်စိတ်၏ အာရုံထိုက်သော တရားပေတည်း။

စိတ်ကြောင့် ဖြစ်သော အသံ ဥတုကြောင့်ဖြစ်သော အသံ အမျိုးမျိုးသည်၊ သဒ္ဒါယတန မည်၏။ ထိုသဒ္ဒါယတနသည်၊ သောတ ဝိညာဏ်စိတ်၏ အာရုံထိုက်သော တရားပေတည်း။ ။ ဤသို့ ပြဆိုခြင်းသည်ကား။ ပဉ္စဝိညာဏ် စိတ်တို့၏ အသီးသီး ဒဿန သဝနစသောကိစ္စ အာရုံကိုပြလို၍ ဆိုခြင်းတည်း။ စင်စစ် အားဖြင့်ကား၊ အာရုံငါးပါးသည် ထိုက်သည်အား လျော်စွာ၊ ပဉ္စဒွါရိက ဝီထိစိတ်၊ မနောဒွါရိက ဝီထိစိတ်တို့၏ အာရုံအဖြစ်သို့ ရောက်နိုင်၏။ နောက်၌လည်း၊ ထိုနည်းအတူသာ မှတ်လေ။

ကောင်းသောအနံ့ မကောင်းသောအနံ့ အမျိုးမျိုးသည်။ ဂန္ဓာယတန မည်၏။ ထိုဂန္ဓာယတန သည်။ ဃာန ဝိညာဏ် စိတ်၏ အာရုံထိုက်သော တရားပေတည်း။

အစပ်,အငန်,အဖန်,အခါး,စသော အရသာအမျိုးမျိုးသည်၊ ရသာယတနမည်၏။ ထိုရသာယတနသည်၊ ဇိဝှာဝိညာဏ်စိတ်၏ အာရုံထိုက်သော တရားပေတည်း။ ။

ပထဝီ, တေဇော, ဝါယော,ဟု ဆိုအပ်သော။ အကြမ်း အနု အတွေ့ အထိ အမျိုးမျိုးသည်၊ ဖောဋ္ဌဗ္ဗာယတန မည်၏။

ထိုဖောဋ္ဌဗ္ဗာ ယတနသည်။ ကာယ ဝိညာဏ် စိတ်၏။ အာရုံ ထိုက်သော တရားပေတည်း။ ။ ။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ သုခုမ တဆယ့် ခြောက်ခု နိဗ္ဗာန်။ ဤတရား အပေါင်းသည်။ ဓမ္မာယတန မည်၏။ ထိုဓမ္မာယတန သည်၊ မနောဝိညာဏ် စိတ်၏ အာရုံ ထိုက်သော တရားပေတည်း။ ။

ဤကား ဗာဟိရ ယတန ခြောက်ပါးကို
ပြဆိုချက်တည်း။

သုညော ဂါမောတိ ခေါ ဘိက္ခဝေ၊ ဆန္နေတံ အဇ္ဈတ္တိကာ အာယတနာနံ အဓိဝစနံ။ ။ သံယုတ် ပါဠိတော်

ဘိက္ခဝေ၊ ရဟန်းတို့။ သုညောဂါမောတိတော၊ လူသူ ဆိတ်သော ရွာပျက်ကြီးဟူသော အမည်သည်။ ဆန္နံ၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကာနံ၊ အတွင်း၌ ဖြစ်ကုန်သော အာယတနာနံ၊ အာယတနတို့၏။ အဓိဝစနံ၊ အမည်တည်း။

ဤဒေသနာတော်အရ။ အဇ္ဈတ္တိကာ ယတန ခြောက်ပါး တို့ကို။ လူသူ ဆိတ်သော ရွာပျက်ကြီးကို ကဲ့သို့ ရှုအပ် ကုန်၏။ ။

ဂါမဃာတကာ စောရာတိ ခေါ ဘိက္ခဝေ၊ ဆန္နေတံ ဗာဟိရာနံ၊ အာယတနာနံ၊ အဓိဝစနံ။
(ဒုတိယအကြိမ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဂါမဃာတကာ၊ ရွာကို တိုက်ဖျက်တတ်ကုန်သော။ စောရာ၊ ခိုးသူတို့ဟူသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံ၊ အပ၌ ဖြစ်ကုန်သော။ အာယတနာနံ၊ အာယတနတို့၏။ ဧတံ အဓိဝစနံ၊ ဤအမည်တည်း။

ဤဒေသနာ တော်အရ၊ အပ အာယတန ခြောက်ပါးတို့ကို။ မြို့ရွာ, နိဂုံးကို တိုက်ဖျက်တတ် ကုန်သော ခိုးသူ့,ထားပြတို့ကို ကဲ့သို့ ရှုအပ်ကုန်၏။ ။

ထိုဥပမာ နှစ်ရပ်ကို ပေါင်းစပ်ချွတ်ခြင်းဦးအံ့။ ။စက္ခု,သောတ ဃာန ဇိဝှါ ကာယ မနဟု ဆိုအပ်ကုန်သော အဇ္ဈတ္တိက အာယတန ခြောက်ပါးတို့သည်၊ လူတို့စွန့်ပစ်၍ သွားသော ရွာပျက်နှင့် တူကုန်၏၊ ရူပ သဒ္ဒ စသော ဗာဟိရာယတန ခြောက်ပါးတို့သည် သူခိုးထားပြနှင့် တူကုန်၏ ဟူ၍ဆိုရာ၌ အဘယ် ကဲ့သို့ တူသနည်း ဟူမူကား။ ပွဲလမ်းသဘင် ကြည့်ရှုသော ယောကျ်ားသည်။ ကချေသည် မိန်းမ တည်းဟူသော ရူပါရုံကို မြင်သောအခါ။ ရှေး၌ ဖြစ်၍ နေနှင့်သော ကုသိုလ်တရားသည်၊ ချုပ်ငြိမ်း ကွယ်ပျောက်၍။ တပ်နှစ်သက်ခြင်း တည်းဟူသော အကုသိုလ်တရား ဖြစ်ပွား ပေါ်ပေါက်လာ၏။ ထိုအခါ၊ ကချေသည် မိန်းမ၏ ရူပါရုံ တည်းဟူသော ခိုးသူထားပြသည်၊ ယောကျ်ား၏ သန္တာန်၌ လူသူဆိတ်သော ရွာပျက်နှင့် တူသော စက္ခာယတနကို တိုက်ခိုက်ပြေးဝင်၍၊ သဒ္ဓါ သီလ သုတ စာဂ စသော ကုသိုလ်တည်းဟူသော ဥစ္စာနှစ်ကို ခိုးယူသည် မည်၏။

(ဒုတိယအကြိမ်)

မိန်းမသည် ယောကျ်ား တည်းဟူသော ရူပါရုံကို မြင်သောအခါ။ ရှေး၌ဖြစ်၍ နေနှင့်သော ကုသိုလ်တရားသည်။ ချုပ်ငြိမ်း ကွယ်ပျောက်၍၊ တပ်နှစ်သက် ခြင်းတည်းဟူသော အကုသိုလ်တရား ဖြစ်ပွား ပေါ်ပေါက် လာ၏။ ထိုအခါ ယောကျ်ား၏။ ရူပါရုံ တည်းဟူသော ခိုးသူ ထားပြီသည်။ မိန်းမ၏ သဏ္ဍာန်၌။ လူသူ ဆိတ်သော ရွာပျက်နှင့် တူသော၊ စက္ခာယတနကို၊ တိုက်ခိုက်ပြေးဝင်၍၊ သဒ္ဒါ, သီလ, သုတ, စာဂ, စသော၊ ကုသိုလ် တည်းဟူသော ဥစ္စာဝိနှစ်ကို ခိုးယူသည်မည်၏။ ။သောတာယတန၊ သဒ္ဒါရုံ ဃာနာယတန၊ ဂန္ဓာရုံ ဇိဝှါယတန၊ ရသာရုံ၊ ကာယာယတန၊ ဖေါ်ဋ္ဌဗ္ဗာရုံ မနာယတန၊ ဓမ္မာရုံ၊ ဤအစုံအစုံတို့၌လည်း ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီ၍၊ ဥပမာ အပြည့်အစုံ ထုတ်၍သိလေ။ ။

ဤကား ဥပမာဖြင့် ပြဆိုချက်တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော၊ အာယတန တရားတို့၏။ သရုပ်သဘာဝ အချက်များကို ဆင်ခြင်စင်းစား၊ နှလုံးထားလျက်၊ မြင်သမျှ၊ နံသမျှ၊ လျက်သမျှ၊ တွေ့ထိသမျှ၊ သိသမျှတို့ကို၊ ပုဂ္ဂိုလ် မြင်သည်၊ သတ္တဝါ မြင်သည်၊ ငါ မြင်သည်၊ သူတပါး မြင်သည်၊ ယောကျ်ား မြင်သည် မိန်းမ မြင်သည် ပုဂ္ဂိုလ် ကြားသည် နံသည်၊ လျက်သည်၊ တွေ့ထိသည်၊ သိသည် စသည်ဖြင့်၊ အမှတ်မထားဘဲ အာယတန တရားတို့ အချင်း

(ဒုတိယအကြိမ်)

ချင်း ပေါင်းဆုံ ထိခိုက်ကြသော၊ ပရမတ္ထကြိယာ အမူအရာမျှသာ ဖြစ်သည်ဟု ယူမှတ်လျှင်လည်း သက္ကာယ ဒိဋ္ဌိ မှောင်ကြီး ပျောက်၍၊ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင် ပေါ်ပေါက်လျက်၊ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်ကောင်း ပုဂ္ဂိုလ်မြတ် ဖြစ်လေ၏။ ။

ဤကား အာယတနကို ပြဆိုချက်တည်း။

ဓာတ်တဆယ့် ရှစ်ပါးကို ဆိုရာဆိုကြောင်း။

၁	စက္ခုဓာတ်	စက္ခုပသာဒရုပ် ၁-ခုကို ကောက်
၂	သောတဓာတ်	သောတပသာဒရုပ် တခု
၃	ဃာနဓာတ်	ဃာနပသာဒရုပ်တခု
၄	ဇိဝှါဓာတ်	ဇိဝှါပသာဒရုပ် တခု
၅	ကာယဓာတ်	ကာယပသာဒရုပ် တခု
၆	ရူပဓာတ်	ရူပါရုံတခု
၇	သဒ္ဒဓာတ်	သဒ္ဒါရုံ တခု
၈	ဂန္ဓဓာတ်	ဂန္ဓာရုံ တခု
၉	ရသဓာတ်	ရသာရုံ တခု
၁၀	ဖောဋ္ဌဗ္ဗဓာတ်	{ ပထဝီ, တေဇော, ဝါယော, ဤသုံးခုသည်၊ ဖောဋ္ဌဗ္ဗဓာတ် မည်၏။

(ဒုတိယအုပ်ကြိမ်)

၁၁ စက္ခုဝိညာဏဓာတ် စက္ခုဝိညာဏ် စိတ်နှစ်ခု

၁၂ သောတဝိညာဏဓာတ် သောတဝိညာဏ် စိတ်နှစ်ခု

၁၃ ဃာနဝိညာဏဓာတ် ဃာနဝိညာဏ် စိတ်နှစ်ခု

၁၄ ဇိဝှါဝိညာဏဓာတ် ဇိဝှါဝိညာဏ် စိတ်နှစ်ခု

၁၅ ကာယဝိညာဏဓာတ် ကာယဝိညာဏ် စိတ်နှစ်ခု

၁၆ မနောဓာတ် { ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ခု
သမ္ပဋိစ္ဆိုင်းစိတ် (၂)ခု

၁၇ မနောဝိညာဏ ဓာတ် { ပဉ္စဝိညာဏဓာတ်
မနောဓာတ်တို့မှ
ကြွင်းသောစိတ် (၇၆)ခု

၁၈ ဓမ္မဓာတ် { စေတသိက်(၅၂)
သုခုမရုပ် (၁၆) နိဗ္ဗာန်(၁)
ပေါင်း၍ (၆၉)ခု

ထိုဓာတ် တဆယ့်ရှစ်ပါး တို့တွင်၊ စက္ခု ဓာတ်က စ၍၊ ဖောဋ္ဌဗ္ဗဓာတ် တိုင်အောင်၊ ဤဓာတ် ဆယ်ခုသည်။ ရုပ်ဓာတ် သက်သက် ပေတည်း၊ စက္ခုဝိညာဏ ဓာတ် ကစ၍၊ မနော ဝိညာဏဓာတ် တိုင်အောင် ဤဓာတ် ခုနှစ်ခုသည်၊ နာမ်ဓာတ် သက်သက်ပေတည်း။ ကြွင်းသော ဓမ္မဓာတ်ကား၊ ရုပ်၊ နာမ်၊ နှစ်ပါး ရောသော ဓာတ်ပေတည်း။ တနည်းကား၊ စက္ခုဓာတ်

ကစ၍၊ ရသခေတ်တိုင်အောင်၊ ဤကိုးခုသော ခေတ်သည်။ တရားကိုယ် တခုစီသာ ရှိသောကြောင့်၊ သုဒ္ဓခေတ် မည်၏။ ဖောဋ္ဌဗ္ဗခေတ်က စ၍ ဓမ္မခေတ်တိုင်အောင်၊ဤကိုးခုသော ခေတ်သည်။ တရားကိုယ် အများရောနှောခြင်း ရှိသောကြောင့်၊ မိဿကခေတ်မည်၏။ ထိုကြောင့်၊ ခေတ်တဆယ့် ရှစ်ပါး၌၊ ရုပ်ခေတ်တဆယ် နာမ်ခေတ် ခုနှစ်ပါးရုပ်နာမ် နှစ်ပါးရောသော ခေတ်တခု၊ ပေါင်းသည်ရှိသော်၊ တဆယ့်ရှစ်ပါး ဖြစ်သတည်း တနည်းကား။ သုဒ္ဓခေတ်ကိုးခု၊မိဿကခေတ် ကိုးခု၊ပေါင်းသည် ရှိသော်၊ တဆယ့်ရှစ်ပါးဖြစ်သတည်း။ ။

ဤကား သရုပ်ခွဲဆိုချက်တည်း။ ။ ဤခေတ်တဆယ့်ရှစ်ပါးတို့၌၊ စက္ခုခေတ်၊ ရူပခေတ်၊ စက္ခုဝိညာဏခေတ်၊ ဤခေတ်သုံးပါး တတွဲ၊ သောတခေတ်၊ သဒ္ဒခေတ် သောတ ဝိညာဏခေတ်၊ ဤခေတ် သုံးပါးတတွဲ၊ ဃာနခေတ်၊ ဂန္ဓခေတ်၊ ဃာနဝိညာဏခေတ်၊ ဤခေတ်သုံးပါးတတွဲ၊ ဇိဝှါခေတ်၊ ရသခေတ်၊ ဇိဝှါ ဝိညာဏခေတ်၊ ဤခေတ် သုံးပါးတတွဲ၊ ကာယခေတ်၊ ဖောဋ္ဌဗ္ဗခေတ် ကာယ ဝိညာဏခေတ်၊ ဤခေတ်သုံးပါးတတွဲ၊ ဘဝင်ဟု ဆိုအပ်သော၊ မနောခေတ်၊ အာရုံ ငါးပါးတို့မှ ကြွင်းသော အလုံးစုံသော ကုသိုလ်၊ အကုသိုလ် အဗျာကတ ဓမ္မခေတ်၊ မနော ဝိညာဏခေတ်၊ ဤခေတ် သုံးပါးတတွဲ၊ ဤသို့ ခေတ်ဘက် သုံးပါးစီ အစုပေါင်း ခြောက်စု ဖြစ်သတည်း။ ။

(ဒုတိယအကြိမ်)

ထိုတွင် စက္ခုပသာဒရုပ်ဟု ဆိုအပ်သော၊ စက္ခုဓာတ်ကို မှီရာ ဝတ္ထုပြု၍၊ စက္ခုဝိညာဏ် စိတ်ဓာတ်သည်။ အပဥ္စ၊ ဖြစ်သော အဆင်း အမျိုးမျိုးဟု ဆိုအပ်သော၊ ရူပဓာတ်ကိုမြင်၏။ ထိုသို့မြင်ရာ၌၊ စက္ခုဝိညာဏ် စိတ်ဓာတ်သည် မြင်ကာမတ္တသာ စွမ်းနိုင်၏။ ထူးထူး ထွေထွေ ကြံစည် စင်းစား၍ကား သိခြင်းငှာ မစွမ်းနိုင်၊ ထူးထူး ထွေထွေ ကြံစည် စင်းစား၍၊ သိနိုင်ခြင်း သည်ကား။ နှလုံးအိမ်အတွင်း ဟဒယ ရုပ်ကိုမှီ၍၊ ဖြစ်သော၊ မနောဝိညာဏ် စိတ်ဓာတ်၏။ အရာသာတည်း၊ ထို့ကြောင့် မြင်ဆဲခဏ၌၊ ပုဂ္ဂိုလ်သည်၊ ငါမြင်သည်ဟု၍ပင် မသိသေး နောက်လိုက် မနောဝိညာဏဓာတ်တို့ ဖြစ်ပေါ်သော အခါမှ၊ ငါမြင်သည် ဟူ၍သိ၏။ မြင်အပ်သော ဝတ္ထု၏။ အဖြူ အနီစသော အဆင်းသဏ္ဌာန်၊ အဝန်းအလုံး၊ အလျားအနံ၊ အရှည် အတိုစသော လုံးရပ်သဏ္ဌာန်၊ အမည်ပညတ် စသည် တို့ကိုလည်း၊ နောက်လိုက် မနောဝိညာဏ ဓာတ်တို့ ဖြစ်ပေါ် သော၊ အခါမှ သိနိုင်၏။

မြင်ခြင်းကား။ မျက်လုံးအိမ်အတွင်း၊ စက္ခုဓာတ် နေရာဌာနမှ၊ ထ၍ ဖြစ်ပေါ်လာ၏။ သိခြင်းကား။ ဟဒယဝတ္ထု နေရာဌာနမှ ထ၍ ဖြစ်ပေါ်လာ၏။ တစုံတခုသော ရူပါရုံကို မြင်ရာ၌၊ မြင်ခြင်းတခြား သိခြင်းတခြားစီသာ ဖြစ်ကြ၏။ မြင်မှုသိမှု၊ တလုံ့စီ ဖြစ်ရိုး ဓမ္မတာပေတည်း လောက၌၊ စိတ်ဓာတ်၏၊ ဖြစ်ခြင်းပျက်ခြင်း အလွန်လျင်မြန်သောကြောင့်၊

(ဒုတိယအကြိမ်),

မြင်ခြင်းနှင့် သိခြင်းကို တပြိုင်နက်ကဲ့သို့ ထင်ကြရ၏။ ဤသို့ ပဉ္စဒွါရိကစိတ်၊ မနောဒွါရိက စိတ်တို့၏။ အာရုံအသိဉာဏ်ကို တပြိုင်နက်ကဲ့သို့ ထင်မှတ် ထွေးရှက်တတ်၏။

ပဉ္စဒွါရိက စိတ်ဓာတ် အချင်းချင်းလည်း၊ တပြိုင်နက်ကဲ့သို့ ထင်ရ၏။ ထင်ရပုံကား။ ပွဲလမ်း သဘင်၌၊ ကချေသည် တယောက် သီခြင်းဆို၍၊ ကခုန်နေသည်ကို၊ ကြည့်ရှု နားထောင်ရာ၊ ကခုန်၍ နေသော ရူပါရုံကို မြင်ခြင်းသည်ကား။ စက္ခု ဓာတ်ကိုမှီ၍ ဖြစ်သော စက္ခုဝိညာဏ် စိတ်ဓာတ်၏။ အရာသာ တည်း၊ သီခြင်းဆိုသော သဒ္ဒါရုံကို ကြားခြင်း သည်ကား။ သောတ ဓာတ်ကိုမှီ၍၊ ဖြစ်သော, သောတ ဝိညာဏ်စိတ်၏။ အရာသာတည်း၊ ထိုသို့ ဒွါရဘာ တသီး တခြား၊ စိတ်တသီး တခြား အာရုံ တသီး တခြားစီ ဖြစ်ကြပါလျက်၊ ကခုန်သော ရူပါရုံနှင့်၊ သီခြင်း ဆိုသော သဒ္ဒါရုံကို တပြိုင်နက် ကဲ့သို့ ထင်ရ၏။ ဤသို့ တပြိုင်နက်ကား။ မထင်မြင်နိုင် ပရမတ္ထသဘော အားဖြင့်၊ တခုသော ဒွါရိက ဝီထိစိတ်ချုပ်ငြိမ်း ကွယ်ပျောက် ပြီးမှ၊ တခုသော ဒွါရိက ဝီထိစိတ် ဖြစ်ပေါ်လာ၏။ မြင်ခြင်း နှင့်စပ်သော စက္ခုဒွါရိက ဝီထိစိတ်ချုပ်ငြိမ်း ကွယ်ပျောက်ပြီးမှ ကြားခြင်းနှင့် စပ်သော၊ သောတ ဒွါရိက ဝီထိစိတ် ဖြစ်ပေါ်လာ၏။ မြင်ခြင်းနှင့် ကြားခြင်း တခုသော စိတ္တက္ခဏ၌၊ တပြိုင် နက် မဖြစ်နိုင် ကြပ်ကြပ် ကွဲပြားအောင် ဆင်ခြင်လေ။ ။

အသံ အမျိုးမျိုးကို ကြားခြင်း၊ သိခြင်း၊ ဓာတ်စုံတတ္တဲ့

(ဒုတိယအကြိမ်)

အနံ့အမျိုးမျိုးကို နံ့ခြင်း၊ သိခြင်း၊ ခေါတ်စုံတတ္တဲ့၊ အရသာ အမျိုးမျိုးကို လျက်ခြင်း သိခြင်း ခေါတ်စုံတတ္တဲ့၊ အပူ့၊ အချမ်း အကြမ်း အနုစသည်ကို တွေ့ထိခြင်း၊ သိခြင်း ခေါတ်စုံ တတ္တဲ့ ဤခေါတ် လေးတဲ့တို့၌လည်း။ ဆိုအပ်ခဲ့ပြီးသော စက္ခုခေါတ် တဲ့ကိုမှီ၍ သိလေ။ ။ပဥ္စဒွါရခေါတ် ငါးတဲ့နှင့် မဆက်ဆံဘဲ၊ သက်သက် အာရုံအမျိုးမျိုးကို၊ ကြံခြင်း သိခြင်း စင်းစားခြင်း တို့သည်ကား။ ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သော မနောဝိညာဏ် စိတ်ခေါတ်တို့ အရာသာဖြစ်ကုန်၏။ မနောဝိညာဏ် စိတ်ခေါတ် တို့၏ တသီးပုဂ္ဂလ သက်ဆိုင်ရာ အာရုံပေတည်း။

ဥပမာ အားဖြင့်ကား။ စက္ခုစသော အဇ္ဈတ္တိက ရုပ်ခေါတ် တို့သည်၊ စည်ကြီးနှင့် တူကုန်၏။ ရူပါရုံစသော ဗာဟိရ ရုပ် ခေါတ်တို့သည်၊ စည်ကြီး လက်ခပ်နှင့် တူကုန်၏။ စက္ခုဝိညာဏ် စသော စိတ်ခေါတ်တို့သည်။ စည်ကြီးအသံနှင့် တူကုန်၏။

တနည်းကား။

စက္ခုစသော အဇ္ဈတ္တိက ရုပ်ခေါတ်တို့သည်၊ မှန်အပြင်နှင့် တူကုန်၏။ ရူပါရုံစသော ဗာဟိရ ရုပ်ခေါတ်တို့သည်၊ မှန်ကို ကြည့်သူ၏ မျက်နှာနှင့် တူကုန်၏။ စက္ခု ဝိညာဏ်စသော စိတ်ခေါတ်တို့သည်၊ မှန်၌ ထင်သော မျက်နှာရိပ်နှင့် တူ ကုန်၏။ ။

(ဒုတိယအကြိမ်)

တနည်းကား။

စက္ခုစသော အဇ္ဈတ္တိက ရုပ်ဓာတ်တို့သည် မီးထွက်အောင် ပွတ်ရန် ပွတ်ခုံနှင့် တူကုန်၏။ ရူပါရုံစသော ဗာဟိရ ရုပ်ဓာတ်တို့သည်၊ ပွတ်တံယယ်နှင့် တူကုန်၏။ စက္ခုဝိညာဏ်စသော စိတ်ဓာတ်တို့သည်၊ မီးပွင့် လာသည်နှင့် တူကုန်၏။ ဤကား ဥပမာဖြင့် ပြဆိုချက်တည်း။

ဤသို့ ဓာတ်တဆယ့်ရှစ်ပါးကို ခွဲခြမ်း ဝိတ်ဖြာ၍ ဆင်ခြင် နိုင်လျှင်လည်း၊ ပုဂ္ဂိုလ်ကောင်အထင်၊ သတ္တဝါကောင် အထင်၊ လူကောင်အထင်၊ နတ်ကောင်အထင်၊ မိန်းမကောင် အထင်၊ ယောကျ်ားကောင်အထင်တို့မှ ကင်းကွာ၍ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် အမြင်ကို ရလျက်၊ ကလျာဏ ပုထုဇဉ် ဖြစ်ပြီဟု ဆိုရ၏။ ။

ဤကား ဓာတ်တဆယ့်ရှစ်ပါးတို့ကို ပြဆိုချက်တည်း။

ယခုအခါ၌ ပြဆိုကဲ့ပြီးသော ခန္ဓာ အာယတန ဓာတ်တို့၏ ပေါင်းဆုံ စုဝေးရာဖြစ်သော ခန္ဓာကိုယ်ကို၊ သုံးပိုင်းသုံးတန်၊ သီးသန့် ကွက်ခြား၍၊ တခုတခုသော ကိုယ်အပိုင်း၌၊ ရသင့်သော ရုပ်နာမ်များကို ရေတွက်၍ ပြဦးအံ့။ ။ဥပရိမ ကာယ၊ မဇ္ဈိမကာယ၊ ဟေဋ္ဌိမကာယ ဟူ၍၊ ကာယသုံးပါး

ပိုင်းခြား ဝေဘန်အပ်၏။ ထိုသုံးပါးတို့တွင်၊ လည်မျိုမှအထက် ခေါင်းဆုံး တိုင်အောင်သော အရပ်သည်၊ ဥပရိမကာယမည်၏။ အထက်ကိုယ်ဟု ဆိုလိုသည်။ လည်မျိုမှ အောက်ချက် တိုင်အောင်သော အရပ်သည်၊ မဇ္ဈိမကာယမည်၏။ အလယ် ကိုယ်ဟု ဆိုလိုသည်။ ချက်မှ အောက် ခြေဖဝါးအပြင်တိုင် အောင်သောအရပ်သည်၊ ဟေဋ္ဌိမကာယမည်၏။ အောက် ကိုယ် ဟု ဆိုလိုသည်။ ထိုပြဆိုခဲ့ပြီးသော ကာယသုံးပါးတို့တွင်၊ ဥပရိမကာယ၌ ရသင့်ရထိုက်သော ရုပ်ကလာပ် အပေါင်းကို ရေတွက်ပုံကား။

စက္ခုဒသက-ကလာပ်ရုပ် တဆယ်

သောတဒသက-ကလာပ်ရုပ် တဆယ်

ဃာနဒသက-ကလာပ်ရုပ် တဆယ်

ဇိဝှါဒသက-ကလာပ်ရုပ် တဆယ်

ကာယဒသက ကလာပ်ရုပ် တဆယ်

ဘာဝဒသက-ကလာပ်ရုပ် တဆယ်

စိတ္တဇအဋ္ဌ-ကလာပ်ရုပ် တဆယ်

ဥတုဇအဋ္ဌ-ကလာပ်ရုပ် ရှစ်ခု

အာဟာရဇအဋ္ဌ-ကလာပ်ရုပ် ရှစ်ခု

(ဒုတိယအကြိမ်)

ဤသို့လျှင်၊ ဥပရိမကာယဟု ဆိုအပ်သော၊ အထက်ကိုယ်၌ ရုပ်ပေါင်း ရှစ်ဆယ်လေးပါး ဖြစ်သတည်း။

ထိုဥပရိမကာယ၌ ရသင့် ရထိုက်သော စိတ်ပေါင်းကား။

စက္ခုဝိညာဏ် စိတ်နှစ်ခု

သောတဝိညာဏ် စိတ်နှစ်ခု

ဃာနဝိညာဏ် စိတ်နှစ်ခု

ဇိဝှါဝိညာဏ် စိတ်နှစ်ခု

ကာယဝိညာဏ် စိတ်နှစ်ခု

ဤသို့လျှင်၊ ဥပရိမကာယဟု ဆိုအပ်သော အထက်ကိုယ်၌၊ စိတ်ပေါင်း တဆယ် ဖြစ်သတည်း။ ဤတဆယ်သော၊ စိတ်တို့သည်၊ ဝတ္ထုအာရုံကို အစွဲပြု၍ တည်နေကြကုန်၏။ ။

မဇ္ဈိမကာယ၌။ ရသင့်ရထိုက်သော ရုပ်ပေါင်းကား။

ကာယဒသက, ကလာပ် ရုပ်တဆယ်

ဘာဝဒသက, ကလာပ် ရုပ်တဆယ်

ဝတ္ထုဒသက, ကလာပ် ရုပ်တဆယ်

စိတ္တဇအဋ္ဌ, ကလာပ် ရုပ်ရှစ်ခု

ဥတုဇအဋ္ဌ, ကလာပ် ရုပ်ရှစ်ခု

(ဒုတိယအုကြိမ်);

အာဟာရဇအဋ္ဌ, ကလာပ် ရုပ်ရှစ်ခု

ဤသို့လျှင်။ မဇ္ဈိမကာယ ဟုဆိုအပ်သော၊ အလယ်ကိုယ်၌၊ ရုပ်ပေါင်း ငါးဆယ် လေးပါးဖြစ်သတည်း။

ထိုမဇ္ဈိမကာယ၌၊ ရသင့် ရထိုက်သော၊ စိတ်ပေါင်းကား။

အာဝဇ္ဇန်း စိတ်နှစ်ခု

ကာယဝိညာဏ် စိတ်နှစ်ခု

သမ္ပဋိစ္ဆိုင်း စိတ်နှစ်ခု

သန္တီရဏ စိတ်သုံးခု

အကုသိုလ် စိတ်တဆယ့်နှစ်ခု

မဟာကုသိုလ် စိတ်ရှစ်ခု

မဟာဝိပါက် စိတ်ရှစ်ခု

ဤသို့လျှင် မဇ္ဈိမကာယဟု ဆိုအပ်သော၊ အလယ်ကိုယ်၌၊ စိတ်ပေါင်း သုံးဆယ့် ခုနှစ်ပါး ဖြစ်သတည်း။ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင် မဟာဝိပါက် ဉာဏ သမ္ပယုတ် စိတ်လေးခုကို နှုတ်၍၊ သုံးဆယ့်သုံးပါး ဖြစ်သတည်း။ ဤသုံးဆယ့် ခုနှစ်ပါး သုံးဆယ့်သုံးပါးသော၊ စိတ်တို့သည်။ ဝတ္ထုအာရုံကို အစွဲပြု၍၊ယသာရဟာ ဖြစ်ကြကုန်၏။

(ဒုတိယအကြိမ်)

ဟောင္ဒမကာယ၌၊ ရသင့်ရထိုက်သော၊ ရုပ်ပေါင်းကား။
ကာယဒသက, ကလာပ် ရုပ်တဆယ်
ဘာဝဒသက, ကလာပ် ရုပ်တဆယ်
စိတ္တဇအဋ္ဌ, ကလာပ် ရုပ်ရှစ်ခု
ဥတုဇအဋ္ဌ, ကလာပ် ရုပ်ရှစ်ခု
အာဟာရဇအဋ္ဌ ကလာပ် ရုပ်ရှစ်ခု

ဤသို့လျှင် ဟောင္ဒမကာယဟု ဆိုအပ်သော၊ အောက်ကိုယ်၌၊ ရုပ်ပေါင်းလေးဆယ့် လေးပါး ဖြစ်သတည်း။

ထိုဟောင္ဒမကာယ၌၊ ရသင့်သော စိတ်ပေါင်းကား။
ကာယဝိညာဏ် စိတ်နှစ်ခု သာတည်း။

ဤသို့လျှင် ဟောင္ဒမကာယ၌ စိတ်တို့သည် နှစ်ခုသာဖြစ်သတည်း။ ။ ဤနှစ်ခုသော စိတ်တို့သည်။ ဝတ္ထုအာရုံကို အစွဲပြု၍၊ တည်နေကြကုန်၏။ ။ ဤသို့ ကာယ သုံးပါး၌၊ ပဓာန နည်းအားဖြင့် စိတ်ကိုသာ ရေတွက်၍၊ ပြခဲ့သည်။ စေတသိက် တရားစုသည်လည်း စိတ်နှင့်ကင်း၍၊ မဖြစ်ရကား၊ စိတ်ကိုပြသဖြင့်၊ စေတသိက် ကိုလည်းပြရောက်၏။ အချို့သော၊ အဋ္ဌကထာဋီကာများ၌၊ စိတ်ကို သာပဓာနပြု၍၊
(ဒုသိယအကြိမ်)

ပြသောအရာသည် များစွာပါရှိ၏။ ။မှတ်ရန်အချက်။ ဥပရိမကာယ၌၊ စိတ်ပေါင်း(၁၀)သဇ္ဇစိတ္တ သာခရဏ စေတသိက်(၇)ခု။ နှစ်ရပ်ပေါင်းသည် ရှိသော်၊ နာမ်တရားပေါင်း (၁၇)ပါးဖြစ်၏။ မဇ္ဈိမကာယ၌၊ စိတ်ပေါင်း(၃၇) စေဘာသိက် အလုံးစုံ(၅၂)ခု။ နှစ်ရပ်ပေါင်းသည် ရှိသော်, နာမ်တရားပေါင်း (၈၉) ပါးဖြစ်၏။ ဟေဋ္ဌိမ ကာယ၌၊ စိတ်ပေါင်း(၂)သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ခု။ နှစ်ရပ်ပေါင်းသည်ရှိသော် နာမ်တရားပေါင်း (၉)ပါးဖြစ်၏။ ။ ဤသို့ကာယသုံးပါး၌၊ ရှိသော၊ ရုပ်နာမ်များကို ပိုင်းခြားစေ.၎င်း အကျဉ်းပြု၍၊ ပြဆိုခြင်းသည်၊ အထက် ဆိုလတံ့သော၊ ဝိပဿနာလမ်းစဉ်၌၊ ဝိပဿနာဉာဏ်အား ပိုင်းခြား၍ ထင်လွယ် မြင်လွယ်ရန် နည်းလမ်း တခုပေတည်း။ ။

ဤကားကာယ သုံးပါး၌၊ ရသင့် ရထိုက်သော၊
ရုပ်နာမ်များကို ရေတွက်၍၊ ပြဆိုချက်တည်း။

ဝိပဿနာ ဉာဏ်ခဏ်းကို ဆိုရာဆိုကြောင်း၊

ဝိပဿနာအရာ၌၊ ဝိသုဒ္ဓိ ခုနှစ်ပါး၊ လက္ခဏာ သုံးပါး၊ အနုပဿနာ သုံးပါး ဝိပဿနာ ဉာဏ်ဆယ်ပါး၊ ဝိမောက္ခ သုံးပါး၊ ဝိမောက္ခ မုခသုံးပါး၊ ဤတရားတို့ဖြင့် မဂ်လမ်း၊ ဖိုလ်လမ်း ပေါက် ရောက်သည် တိုင်အောင် အဆင့်ဆင့် ဘွဲ့ယှက်လျှော်၊ အကျဉ်းအားဖြင့် ပြဆိုပေအံ့၊ ဝိသုဒ္ဓိခုနှစ်ပါး ဟူသည်ကား။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍၊ ခုနှစ်ပါး ဖြစ်တည်း။ ။လက္ခဏာ သုံးပါး ဟူသည်ကား။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ ဟူ၍၊ သုံးပါးဖြစ်သတည်း၊ အနုပဿနာ သုံးပါး ဟူသည်ကား။ အနိစ္စါနုပဿနာ၊ ဒုက္ခါနုပဿနာ၊ အနတ္တာနုပဿနာ ဟူ၍၊ သုံးပါးဖြစ်သတည်း။ ဝိပဿနာ ဉာဏ်ဆယ်ပါး ဟူသည်ကား။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရု ပေက္ခာဉာဏ်၊ အနုလောမဉာဏ် ဟူ၍၊ ဆယ်ပါး ဖြစ်သတည်း။ ဝိမောက္ခသုံးပါး ဟူသည်ကား။ သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခဟူ၍၊ သုံးပါး ဖြစ်သတည်း။ ဝိမောက္ခမုခ သုံးပါး ဟူသည်ကား။ သုညတအနုနာ၊ အနိမိတ္တ အနုပဿနာ၊ အပ္ပဏိဟိတ အနုပဿနာ ဟူ၍ သုံးပါး ဖြစ်သတည်း။

(ဒုတိယအကြိမ်)

ဤကား။ သင်္ဂြိုဟ်၌၊ လာသော၊ အတိုင်း ထုတ်ဆောင်အပ်သော မာတိကာ အစဉ်တည်း။ ဤသရုပ် မာတိကာစဉ်ကိုရှေးဦးစွာနုတ်ကျက်ရအောင် ဆောင်ထားလျှင် ဆိုလတံ့သော ဝိပဿနာ ကျမ်းကိုကြည့်ရှု၍ လွယ်လင့်တကူ သိမြင်နိုင်လတံ့။ ။

ဝိပဿနာ လုပ်ငန်းဖြင့် မဂ်ဖိုလ် နိဗ္ဗာန် ဆုံးခန်းတိုင်ပေါက်ရောက် လိုသော၊ ယောဂီ တိဟိတ် ပုဂ္ဂိုလ်သည်။ ရှေးဦးစွာ စတုပါရိ သုဒ္ဓိသီလ ဖြစ်အောင်၊ မိမိ၏။ သီလကို စင်ကြယ်စွာ ဆေးလျှော် သုတ်သင်အပ်၏။ စတုပါရိသုဒ္ဓိသီလ ဟူသည်ကား။ အာပတ်ခုနစ်ပုံကို လုံခြုံစွာ စောင့်စည်းခြင်းသည်။ အပါယ် လေးခြင်း စသည်မှ ကင်းလွတ်တတ်သော ကြောင့် (ပါတိမောက္ခသံဝရသီလ)မည်၏။ စက္ခုစသော၊ ဣန္ဒြေ ခြောက်ပါးတို့ကို၊ ရာဂစသည်။ ဖြစ်ခွင့်ဝင်ရောက်ခွင့် မရစေဘဲ၊ တားမြစ် စောင့်ရှောက်ခြင်းသည်။ (ဣန္ဒြိယသံဝရသီလ) မည်၏။

ကုလဒူသနရှစ်ပါး၊ အနေသန၊ နှစ်ဆယ့်တပါး၊ ကုဟန လပန စသော၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍၊ စင်ကြယ်စွာ အသက်မွေးသော၊ သီလသည် (အာဇီဝပါရိသုဒ္ဓိသီလ) မည်၏။ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ သတ်ဖြင့် ဆင်ခြင်၍၊ သုံးဆောင်ခြင်းသည် (ပစ္စယ သန္နိဿိတ သီလ) မည်၏။ ဤစတုပါရိသုဒ္ဓိသီလလေးပါးကို၊ ရဟန်းတို့၌၊ မုချအားဖြင့် ရအပ်၏။ လူတို့၌ကား ဥပစာရအားဖြင့်သာ ရအပ်၏ အဘယ်သို့ ရသနည်းဟူမူ၊

((ဒုတိယအကြိမ်))

လူတို့အား မကြူးမလွန်အပ်ဟု တားမြစ်တော်မူသော ဒုစရိုက်ဆယ်ပါးမှ၊ စောင့်စည်းခြင်းသည်။ ပါတိမောက္ခ သံဝရသီလမည်၏။ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်းသည်။ဣန္ဒြိယသံဝရ သီလမည်၏။ မတရားသော ကုန်သွယ်ခြင်းဟု ဆိုအပ်သော၊ အဓမ္မိက ဝါဏိဇ္ဇ ငါးပါးမှ၊ ရှောင်ကြဉ်၍၊ အပြစ်ကင်းသော၊ အမှုဖြင့် အသက်မွေးခြင်းသည်။ အာဇီဝ ပါရိသုဒ္ဓိသီလမည်၏။ ပစ္စည်းပါးလေးကို သုံးဆောင်သော အခါ၊ပဋိကူလ သညာ စသည်ဖြင့်၊ သုံးဆောင်ခြင်းသည်၊ ပစ္စယသန္နိဿိတသီလမည်၏။ အဘယ့်ကြောင့် စတုပါရိ သုဒ္ဓိသီလကို၊ လူတို့၌၊ ရအပ်ပါသနည်း ဟူမူကား။ ဝိသာခါ အနာထပိဏ် စသော၊ လူတို့သည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြသောကြောင့်၊ ထိုမဂ်ဖိုလ်ကို ရကြသော၊ အကျိုးကို ဆသဖြင့်၊ သီလဝိသုဒ္ဓိဖြစ်၏၊ ဟူသော အကြောင်းရင်းကို သိရသောကြောင့်တည်း၊ ဤသို့ စတုပါရိသုဒ္ဓိ သီလ စင်ကြယ်မှုသည်။ သီလဝိသုဒ္ဓိ မည်၏။

သီလဝိသုဒ္ဓိ ပြီး၏။

သီလ ဝိသုဒ္ဓိဖြစ်ပြီးသော၊ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်။ မိမိစိတ်ကို ကာမစ္ဆန္ဒ စသော နီဝရဏကင်းသော အပြစ်သို့ ရောက်စေသည်၏ အစွမ်းဖြင့်၊ သုဒ်သင်အပ်၏။ ဤသို့ စိတ်၏ နီဝရဏ စသော အပြစ် ဒေါသ အညစ်အကြေးမရှိ ဖြူစင်မှုသည်၊ စိတ္တဝိသုဒ္ဓိ မည်၏။

စိတ္တဝိသုဒ္ဓိ ပြီး၏။

(ဒုတိယအကြိမ်)

စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးသော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ တလုံးတခဲ ပုဂ္ဂိုလ်ကောင်အထင်၊ သတ္တဝါကောင် အထင်တို့မှ ကင်းကွာလျက်၊ ထင်တိုင်း မြင်တိုင်းသော အာရုံ ဟူသမျှ တို့၌၊ အောက်က ပြဆိုခဲ့ပြီးသော ခန္ဓာခွဲနည်း၊ အာယတန ခွဲနည်း၊ ဓာတ်ခွဲနည်းအတိုင်း ရုပ် နာမ် အစု၊ ပရမတ္ထ ကြီယာ အမှုတို့သာတည်းဟု၊ ဟုတ်တိုင်း မှန်တိုင်း ထင်မြင် အပ်၏။ ဤသို့ အဟုတ်အဟုတ် ကေန် အမှန် ဥာဏ်အမြင် စင်ကြယ်မှုသည်၊ ဒိဋ္ဌိ ဝိသုဒ္ဓိ မည်၏။ ။ဤ ဒိဋ္ဌိ ဝိသုဒ္ဓိကို နာမရူပ- ပရိစ္ဆေဒဥာဏ် ဟူ၍လည်း ခေါ်၏။

ဒိဋ္ဌိ ဝိသုဒ္ဓိ ပြီး၏။

ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်ပြီးသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ ပဋိသန္ဓေ အခါ၌ ရုပ်နာမ် နှစ်ပါးသည်၊ အဝိဇ္ဇာ- တဏှာ- ဥပါဒါန်၊ ကံ၊ ဤ လေးပါးသော အကြောင်းကြောင့် ဖြစ်၏။ ပဝတ္တိအခါ၌၊ ရုပ်တရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော လေးပါးသော အကြောင်းကြောင့် ဖြစ်၏။ နာမ်တရားသည်၊ စက္ခု ပသာဒ- ရူပါရုံ၊ သောတ ပသာဒ- သဒ္ဒါရုံ အစရှိသော မှီရာ အာရုံဟူသော အကြောင်း ကြောင့် ဖြစ်၏။ ဤသို့ စသည်ဖြင့်- ရုပ်တရား နာမ်တရား တို့၏၊ အကြောင်းကို သိမ်းဆည်း အပ်၏။ ဤသို့ အကြောင်း

ကို သိမ်းဆည်းသော ဉာဏ်သည်ငင်း။ အဟောသိနုခေါ် အဟံ အတီတ မဒ္ဒါနံ စသော (၁၆) ပါးသော ယုံမှားခြင်း။ သတ္တရိ ကင်္ခါတိ စသော ရှစ်ပါးသော ယုံမှားခြင်းကို လွန်မြောက် ခြင်းသည်ငင်း၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။ ဤ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟူ၍လည်း ခေါ်၏။

ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ပြီး၏။

ပစ္စယ ပရိဂ္ဂဟဉာဏ် ဟု ဆိုအပ်သော ကင်္ခါ ဝိတရဏ သုဒ္ဓိ ဖြစ်ပြီးသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ နာမ သမ္မူဠ- ရူပ သမ္မူဠ နာမ ရူပ သမ္မူဠ ဟု ဆိုအပ်သော ပုဂ္ဂိုလ်သုံးပါး တို့တွင် တပါးပါး ဖြစ်သည် အားလျော်စွာ၊ ခန္ဓာ- အာယတန ဓာတ်တို့၌ အတွင်းဝင်ကုန်သော၊ တေဘူမိက သင်္ခါရ တရားတို့ကို အာရုံပြု၍၊ သဗ္ဗေ သင်္ခါရာ အနိစ္စာဟူ၍ ငင်း။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဟူ၍ငင်း။ သဗ္ဗေ ဓမ္မာ အနတ္တာ ဟူ၍ငင်း။ ဝိပဿနာဉာဏ်ဖြင့် အဘန်ဘန်ရှုအပ်ကုန်၏။

ဤအရာ၌၊ အနိစ္စလက္ခဏာ။ အနိစ္စာနုပဿနာ။ ဒုက္ခ လက္ခဏာ။ ဒုက္ခါနုပဿနာ။ အနတ္တ လက္ခဏာ။ အနတ္တာ နုပဿနာ တို့ကို ခြားနား၍ အသိဉာဏ် ဖြစ်စေခြင်းငှာ၊ ဝိပဿနာ ရှုပုံကို အကျဉ်းအားဖြင့် ပြထိဆိုဦးအံ့။ ။

(ဒုတိယအကြိမ်)

အနိစ္စ လက္ခဏာသို့ တင်၍ ပွားများပုံ။

ပုဂ္ဂိုလ်ဟု သမုတ် ခေါ်ဝေါ်အပ်သော ဤ ခန္ဓာကိုယ်ကြီး၏ ကာယ သုံးပိုင်းတို့တွင်၊ တပိုင်းပိုင်း၌ အကျုံးဝင်သော ရုပ် နာမ် တရားတို့ကို အမြဲတည်၏လော- မတည်သလော၊ ပျက်စီး လေသလော- မပျက်စီး လေသလော။ ချုပ်လေသလော- မချုပ်လေသလောဟု အဘန်ဘန်-ဝိပဿနာဉာဏ်ဖြင့် ရှုအပ်ကုန်၏။ ထိုသို့ အဘန်ဘန် ရှုဆင်ခြင်လျှင်။ အမြဲမတည် ချုပ် ပျက် သေဆုံးသော သဘော လက္ခဏာသည်၊ တရွရွ ဉာဏ်၌ ထင်လတံ့။ အကုသိုလ်စိတ် ဖြစ်ဆဲ ဖြစ်နေတုံးကို။ ကုသိုလ်ဖြစ်ကြောင်း အာရုံတခု ပေါ်လာလျှင်၊ ထိ အကုသိုလ်စိတ် ချုပ်ငြိမ်း ကွယ်ပျောက်၍၊ ကုသိုလ်စိတ် ဖြစ်ပေါ်လာရ၏၊ အကုသိုလ် စိတ်တို့တွင်လည်း၊ လောဘမူစိတ် ဖြစ်နေဆဲကို၊ ဒေါသ ဖြစ်ကြောင်း အာရုံတခု ပေါ်လာလျှင်၊ ထို လောဘမူစိတ် ချုပ်ငြိမ်း ကွယ်ပျောက်၍၊ ဒေါသမူစိတ် ဖြစ်ပေါ်လာရ၏၊ ဤသို့ စသည်ဖြင့် အာရုံတပါး ပြောင်းလဲ၍ စိတ်တမျိုး တကွဲဖြစ်ခြင်း၊ မမြဲခြင်းသည်၊ နာမ်တရားတို့၏ အနိစ္စ လက္ခဏာ ပေတည်း။ တခုသော အာရုံလျှင် အာရုံရှိသော ဝီထိ စိတ် အစဉ်၌လည်း၊ ပဌမ စိတ်တလုံးသည်၊ ဥပါဒ်- ဌီ-တင်စေ၍ ချုပ်ငြိမ်း ကွယ်ပျောက်လျှင်၊ ဒုတိယ စိတ်တလုံး ဖြစ်ပေါ်လာရ၏။ ဒုတိယစိတ် ချုပ်ငြိမ်း ကွယ်ပျောက်လျှင်၊ တတိယ စိတ် ဖြစ်ပေါ်လာရ၏။ ဤသို့၊ စသည်ဖြင့်၊ တခုသော

စိတ္တက္ခဏ ချုပ်ငြိမ်းမှု၊ တခုသော စိတ္တက္ခဏ ဖြစ်ပေါ်လာရမှု။ တခုသော စိတ္တက္ခဏ ဖြစ်ပေါ်လာရန်အတွက်။ တခုသော စိတ္တက္ခဏ ချုပ်ငြိမ်း ကွယ်ပျောက် ပေးမှုသည်၊ လျှင်သော ချုပ်ခြင်း ပျက်ခြင်းရှိသော နာမ် တရားတို့၏ အနိစ္စ လက္ခဏာ ပေတည်း။

ရုပ်တရား တို့သည်လည်း၊ ဖြစ်ပျက်မစဲ၊ အမြဲမရှိကြကုန်၊ စက္ခုဒွါရိကစိတ် အစဉ်ချုပ်ငြိမ်းလျှင်၊ စက္ခု ပသာဒစသော၊ ရုပ်ကလာပ် တို့သည် အကြွင်းမဲ့ ချုပ်ငြိမ်း ရသေကုန်၏၊ သောတ ဒွါရိကစိတ် အစဉ် ချုပ်ငြိမ်းလျှင်၊ သောတပသာဒ စသော၊ ရုပ်ကလာပ် တို့သည်။ အကြွင်းမဲ့ ချုပ်ငြိမ်းရသေကုန်၏။ မှီတတ်သော၊ ဝီထိစိတ် မရှိမူ၍လည်း၊ ပထဝီ စသော၊ ရုပ်ကလာပ်တို့သည်။ ဥပါဒ်၊ ဌီ၊ ဘင်၊ အစဉ်အားဖြင့်၊ ဖြစ်ပျက်မစဲ၊ အမြဲမတည် သေဆုံး ချုပ်ငြိမ်းခြင်းလျှင် အဆုံးရှိကြကုန်၏။ ဤသို့စသည်ဖြင့်၊ နာမ်တရားတို့၏။ အမြဲမတည်သော၊ သဘောသည်၊ ထင်လာ၊ ထိုသို့ဉာဏ်၌၊ ထင်အပ်သော၊ သဘောသည် (အနိစ္စလက္ခဏာ) မည်၏။ အနိစ္စလက္ခဏာကို အာရုံပြု၍၊ အနိစ္စ၊ အနိစ္စဟု အဘန်ဘန် ပွားများသော၊ ဝိပဿနာဉာဏ်သည် (အနိစ္စာနုပဿနာ)မည်၏။

(ဒုတိယအကြိမ်)

ဒုက္ခလက္ခဏာသို့ တင်၍ ပွားများပုံ။

ခန္ဓာစသော ရုပ်နာမ်တရားတို့ကို၊ အနိစ္စ သဘောဖြစ်၍၊ ကုန်ခန်းပျက်စီး ချုပ်ငြိမ်းသေဆုံး၍၊ နေကြသော၊ တရားစုတို့တည်း အခြားသော တရားစုတို့ မဟုတ်ကြကုန်၊ ဤသို့ ပရမ်းပတာ ယူစရာ မရအောင် ချုပ်ပျက် သေဆုံး ကွယ်ပျောက်၍၊ နေကြသည်ကို၊ ချမ်းသာ သုခလော၊ ဆင်းရဲ ဒုက္ခလော၊ နှစ်သက် တွယ်တာ ခင်မင်စရာလော ကြောက်မက်ဘွယ်လောဟု အဘန်ဘန် ရှုအပ်ကုန်၏။ ပွားများသည် ရှုသည်ဆိုသော စကားတို့သည် အတူတူပင် ဖြစ်ကြ၏။ မြန်မာပရိယာယ် တို့သာတည်း ဤသို့ ရှုဆင်ခြင်သော အခါ ချမ်းသာမဟုတ်၊ ဆင်းရဲကောန် အမှန်မုချ ကြောက်မက်ဘွယ် ဒုက္ခ သဘောသည် ထင်လတံ့။ ထိုသို့ဉာဏ်၌၊ ထင်အပ်သော သဘောသည် (ဒုက္ခလက္ခဏာ) မည်၏။ ဒုက္ခလက္ခဏာကို အာရုံပြု၍၊ ဒုက္ခ, ဒုက္ခဟု အဘန်ဘန် ပွားများသော ဝိပဿနာ ဉာဏ်သည် (ဒုက္ခာနုပဿနာ) မည်၏။ ။

အနတ္တ လက္ခဏာသို့ တင်၍ပွားများပုံ။

ခန္ဓာစသော ရုပ်နာမ်တရားတို့ကို၊ ချမ်းသာမဟုတ်၊ ဆင်းရဲကောန် အမှန်မုချ ကြောက်မက်ဘွယ် ဒုက္ခ သဘောဖြစ်၍၊ အနှင်သစရ ရှိသလော၊ ခိုင်မာသလော၊ ငါ၏၊ ကိုယ်ဟု စွဲဆို

(ဒုတိယအကြိမ်)

ထိုက်သလော။ ငါ၏၊ ကိုယ်ဟု အတွင်း ပြုထိုက် သလော၊ ငါပိုင်ပစ္စည်းဟု မှတ်ထင်သင့်သလောဟု အဖန်ဖန် ရှုအပ်ကုန်၏။ ဤသို့ ရှုဆင်ခြင်သောအခါ၊ အနှစ်သာရမရှိ ပကတိအကာအခွံ မခိုင်မာသော သဘောသာတည်း။ ငါ၏ကိုယ်ဟု စွဲဆိုသမှု အတွင်း ပြုထိုက်သော တရားတို့မဟုတ် စင်စစ် အစပြု၍၊ ရှုအပ်သောတရား သဘောသာတည်းဟု ထင်လတံ့၊ ထိုသို့ဉာဏ်၌၊ ထင်အပ်သော သဘောသည်(အနတ္တလက္ခဏာ) မည်၏။ အနတ္တလက္ခဏာကို အာရုံပြု၍၊ အနတ္တ၊ အနတ္တဟု အဖန်ဖန် ရှုဆင်ခြင်သော၊ ဝိပဿနာဉာဏ်သည် (အနတ္တာနုပဿနာ) မည်၏။

ဤကား၊ လက္ခဏာသုံးပါး၊ အနုပဿနာ သုံးပါးတို့၏။ သဘောကိုပြလျက်၊ ဝိပဿနာ ရှုပုံကို ပြဆိုချက်တည်း။

ပါဠိတော် ဖြင့်သော်လည်း၊ အာရုံဆောင်၍၊ ရှုဆင်ခြင်အပ်၏။ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိပရိဏာမဓမ္မံ၊ နာမရူပံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ၊ ရုပ်နာမ်နှစ်ပါးကို ဆင်ခြင်ပုံ။ ။ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိပရိဏာမ ဓမ္မံ၊ နာမံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။ နာမ်သက်သက် ဆင်ခြင်ပုံ။ ။ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိပရိဏာမဓမ္မံ၊ ရူပံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ၊ ရုပ်သက်သက် ဆင်ခြင်ပုံ။ ။ခန္ဓာငါးပါး အပေါင်းကို ဆင်ခြင်နည်း၊ ခန္ဓာငါးပါး အစိတ်စိတ်ကို ဆင်ခြင်နည်း။ အာယတန

(၁၂)ပါး အပေါင်းအစိတ်ကို ဆင်ခြင်နည်း ခေါ်(၁၈)ပါး အပေါင်း အစိတ်ကို ဆင်ခြင်နည်း တို့ကိုလည်း၊ ဤနည်းကို မှီး၍၊ သိလွယ်လောက်ပြီ။

အနက်ကား။ ။ခယဓမ္မံ၊ မိုယ်းရေ မိုယ်းပေါက်ကဲ့သို့ ကုန်တတ်သော သဘောရှိသော၊ ဝယဓမ္မံ၊ ရေမြှုပ်ကဲ့သို့ တဖြုတ်ဖြုတ် ပျက်စီးတတ်သော သဘောရှိသော၊ ဝိပရိဏာမ ခမ္မ ၊ မျက်သုည့်သည် အရုပ်ကဲ့သို့ ဘောက် ပြန် တ တ် သော သဘောရှိသော၊ နာမရူပံ၊ နာမ်တရား- ရုပ်တရား နှစ်ပါးသည်၊ အနိစ္စံ၊ လက်ဖျစ်တတွက်၌ နာမ် ရုပ် အပေါင်း၊ ထောင်သောင်း မက- ပျက်စီး သေဆုံး ကြသည်ဖြစ်၍၊ ခိုင်မြဲခြင်းသဘော မရှိသောကြောင့် အနိစ္စ မည်၏။ ဒုက္ခံ၊ ချမ်းသာမဘက်၊ ဆင်းရဲကေန်- အမှန်မုချ ကြောက်မက်ဘွယ် ကောင်းလှသော ကြောင့်၊ ဒုက္ခမည်၏။ အနတ္တာ၊ အလိုသို့ မလိုက်၊ ပိုင်ထိုက် သောသူမရှိ၊ ဉာဏ်မျက်စိဖြင့် ရှုသည်ရှိသော်၊ နာမ်ရုပ်မှ တပါး၊ အတ္တဟု ခေါ်စရာ တခုမျှ မရှိသောကြောင့်၊ အနတ္တ မည်၏။ နာမ်သက်သက် ရုပ်သက်သက် ဆင်ခြင်ပုံ စသည်တို့၌လည်း၊ နာမံ၊ နာမ်တရားသည်၊ ရူပံ၊ ရုပ်တရားသည် စသည်ဖြင့် ကတ္တားပုဒ် ပြောင်းလဲ၍ ဆိုရုံမျှသာ ထူးတော့သည်။ ဤသို့ သက္ခဏာသုံးပါးသို့တင်၍ အဘန်ဘန် သုံးသပ် ဆင်ခြင်သော

ဉာဏ်သည်၊ ဉာဏ် ဆယ်ပါးတို့တွင်၊ ရှေးဦးစွာသော သမ္မသန ဉာဏ်မည်၏။ ။

သမ္မသနဉာဏ်ပြီး၏။

သမ္မသနဉာဏ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည်၊ ဉဒယဗ္ဗယ ဉာဏ်ကို ရခြင်းငှာ ပွားများ အားထုတ်အပ်၏။ ။ပွားများ ပုံကား။ ။ နိဗ္ဗတ္တရုပ်၏ ပေါ်စဖြစ်သော သန္တတိ လက္ခဏာ သည်၎င်း။ ဖြစ်စဖြစ်သော ဝိကာရသည်၎င်း။ ထစဖြစ်သော ဉပါဒ်သည်၎င်း။ ယခုမှ အသစ်ဖြစ်ပေါ်လာသော၊ အသစ် သော အခြင်းအရာ သည်၎င်း ဉဒယ မည်၏။ နိဗ္ဗတ္တရုပ်၏ ဘောက်ပြန် ညွတ်တိမ်းခြင်း ဟူသော သန္တတိ လက္ခဏာသည် ၎င်း။ ကုန်ခန်း ချုပ် ငြိမ်း ခြင်းဟု ဆိုအပ်သော ပျက်စီးခြင်း သည်၎င်း ဝယ မည်၏။ ထိုအတူ ဝေဒနာစသော နာမ်တရား တို့၏ ဖြစ်စ ပေါ်စသည် ဉဒယ မည်၏။ ဘောက်ပြန် ညွတ် တိမ်း၊ ကုန်ခမ်း ချုပ် ပျောက် ခြင်းသည် ဝယမည်၏ ဟု အဘန်ဘန် ရှုအပ်၏။ ထိုသို့ ရှုဘန် များလတ်သော်၊ ဤ ရုပ် နာမ် တရားတို့သည် မဖြစ်ခင်လည်း အစု အပုံမရှိ ဖြစ်ဆဲအခါ လည်း အစု အပုံမှ လာသည်မဟုတ်၊ ချုပ် ဆဲ အခါ လည်း အရပ်တပါးသို့ သွားသည်မဟုတ်။ ချုပ်ပြီး၍လည်း တစုံ တခုသော အရပ်၌ စုပုံ၍ မတည်ကြကုန်။ အလုံးစုံသော ရုပ် နာမ် တရားတို့သည်၊ ရှေး၌ မရှိကုန်ဘဲ ယခု အသစ် ဖြစ်ပေါ်

လာကုန်၏။ ဖြစ်ကုန်ပြီး၍ တဘန် ခဏ ချက်ချင်း၊ ယိုယွင်း ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏ ဟု အဖြစ်အပျက်ကို တပ်တပ်ထင်ထင် သိမြင်၏။ ဤသို့ သိမြင်သော ဉာဏ်သည် ဥဒယဗ္ဗယ ဉာဏ်မည်၏။

ဤသို့ ဥဒယဗ္ဗယာ နုပဿနာ ဉာဏ်ကို ရစသောအခါ၊ အားထုတ်သော၊ ဝိပဿနာရှိသော၊ ဝိပဿက ပုဂ္ဂိုလ်အား ဖြစ်မြဲမမှတာ ဖြစ်သော၊ ဒိဋ္ဌိအယူ စသည်တို့၏။ အကြောင်း ဖြစ်သော၊ ဩဘာသ, ပီတိ, ပဿဒ္ဓိ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ သုခ၊ ဉာဏ၊ ဥပဋ္ဌာန၊ ဥပက္ခာ၊ နိကန္တိဟူသော၊ ဝိပဿနာ၏။ ညစ်ညူးကြောင်း တရားဆယ်ပါး ဖြစ်ပေါ်လာ၏။ ထိုတွင်၊ မိမိကိုယ်မှ တပြိုင်နက် ထွန်းလင်းနိုင်သော၊ မိမိသာ မြင်စကောင်းသော၊ ဝိပဿနာ ဉာဏ်ကြောင့် ဖြစ်သော၊ စိတ္တဇဥတုသမုဋ္ဌာန်ဖြစ်သော၊ ကိုယ်ရောင်ခြည် အလင်းသည်။ ဩဘာသ မည်၏။ ဤအရောင် အလင်း ဩဘာသည်။ ဉာဏ်အား လျော်စွာ, အကနိဋ္ဌ ဗြဟ္မာပြည် တိုင်အောင် ထွန်းလင်း၏။ ဘုရားလောင်းမှာကား။ စကြဝဠာ တသောင်း တိုင်အောင် ထွန်းလင်းနိုင်၏။ ထိုအရောင်ပျံ့နှံ့ ရာတွင်း၌၊ အဆင်းတို့သည်၊ မနောဒွါရိက ဝိညာဏ်အား ထင်လာကုန်၏။ ဤသို့ထင်သော၊ အရောင်အလင်းကို ဩဘာသဟု မသိသော၊ အပ္ပသုတယောဂီအား၊ ငါ့အားရှေး၌၊ မဖြစ်ဘူးဘဲ ဖြစ်ပေသည်ဟု အရောင် အလင်းသို့ စိတ်သွားလျက်။ များသောအားဖြင့်

(ဒုတိယအကြိမ်)

သြဘာသကို နိဗ္ဗာန်ဟု ထင်မှား တတ်သည်။ ထိုသြဘာသကို အာရုံပြုသော၊ သိမ်မွေ့ စွာသော၊ မောဟမူ၊ လောဘမူ စိတ္တုပ္ပါဒ်ကို မဂ်ဖိုလ်ဟု အထင်မှားတတ်၏။ ။ကိုယ်ခန္ဓာ လုံး၌၊ ပြည့်လျှမ်း၍၊ ဆီသိသော၊ ဝါဂွမ်းကဲ့သို့၊ ဝိပဿနာ ဥာဏ်နှင့် သမ္ပယုတ် ဖြစ်သော၊ ခုဒ္ဒိကာ၊ ခဏိကာ၊ သြက္ကန္တိကာ၊ ဥဗ္ဗေဂါ၊ ဖရဏာအားဖြင့်။ ငါးပါးသော၊ ပီတိသည် ပီတိ မည်၏။ ကိုယ်စိတ်နှစ်ပါး ငြိမ်းခြင်း လက္ခဏာ ရှိသော၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ နှစ်ပါးသည်။ ပဿဒ္ဓိ မည်၏။ ဝိပဿနာစိတ်နှင့် သမ္ပယုတ် ဖြစ်သော၊ အလွန် ကြည်လင် သော၊ သဒ္ဓါတရားသည်၊ အဓိမောက္ခ မည်၏။ မလျော့လွန်း မတင်းလွန်းသော၊ ကောင်းစွာ ချီးမြှင့်သော၊ ဝီရိယသည်။ ပဂ္ဂဟမည်၏။ ကိုယ်စိတ်နှစ်ဖြာ လွန်စွာ ချမ်းသာခြင်း သုခ သည်။ သုခမည်၏။ သိကြားမင်း၏။ ဝရဇိန် လက်နက်ကဲ့သို့ ထက်မြက်သော၊ ပညာသည်။ ဥာဏ်မည်၏။ အလွန်ထင်မြင် သော၊ မြင်းမိုရ်တောင် အလား၊ လှုပ်ရှားခြင်း မရှိသော၊ သတိသည်။ ဥပဋ္ဌာနမည်၏။ ဥဒယဗ္ဗယ တရားတို့၌၊ လျစ်လျူ ဖြစ်သော၊ ဝိပဿနုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာ နှစ်ပါးသည်။ ဥပေက္ခာမည်၏။ သြဘာသ စသော၊ ကိုးပါးသော၊ တရားတို့၌၊ ငါ့အားရှေး၌၊ မဖြစ်ဘူးဘဲ ဖြစ်ပေသည်ဟု၊ အရောင်စသည်၌၊ အာလယ တပ်သော၊ တဏှာသည်၊ နိကန္တိမည်၏။ ဤသို့ ပီတိ စသော၊ ဝိပဿနု ပက္ကိလေသတရား ကိုးပါးတို့၌လည်း။ သြဘာသ ဖြစ်ရာ၌ကဲ့သို့ ပီတိစသည်ကို။ မဂ်ဖိုလ်ဟု ထင်မှား၍၊

(ဒုတိယအကြိမ်)

ဝိပဿနာလမ်း လွဲတတ်သည်။ ဤဝိပဿနာ ညစ်ညူးကြောင်း တရားဆယ်ပါးတို့ကို တဏှာ, မာန, ဒိဋ္ဌိဟူသော၊ ဥပက္ကိလေသ တရားသုံးပါးတို့၏၊ တည်ရာ အာရုံ အကြောင်း ဖြစ်သောကြောင့်၊ ဥပက္ကိလေသ ဟူ၍၊ ဆိုအပ်ကုန်၏။ ဤသို့ ဖြစ်ပေါ်လာသော၊ ဩဘာသ စသည်သည် လမ်းမှန်မဟုတ်၊ ဝိပဿနာ၏။ ညစ်ညူးကြောင်း သေးရန်သာတည်း။ ဤဥပက္ကိလေသမှ လွတ်၍၊ လမ်းမှန်ဖြစ်သော၊ ဝိပဿနာ ဉာဏ်သည် သာလျှင်။ အရိယာမဂ်၏။ ရှေးအဘို့၌၊ ဖြစ်သော၊ လမ်းမှန် လမ်းကောင်း ဖြစ်သော၊ ဥဇုမဂ္ဂတည်းဟု၊ မဂ္ဂ၊ အမဂ္ဂကို ပိုင်းခြား ထင်ထင် သိမြင်မှုသည်။ မဂ္ဂါ မဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။ ။

ဥဒယဗ္ဗယဉာဏ်ပြီး၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိလည်းပြီး၏။

တထာပရိဗန္ဓ ဝိမုတ္တဿ ပနတဿ ဥဒယဗ္ဗယဉာဏ တောပဋ္ဌာယယာဝါ နုလောမာတိလက္ခဏံ ဝိပဿနာ ပရံပရာယ ပဋိပဇ္ဇန္တဿနဝ ဝိပဿနာ ဉာဏာနိပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ နာမ၊ ဟူ၍၊ လာသော၊ သင်္ဂဟ အဋ္ဌကထာနှင့် အညီ။ ဥပက္ကိလေသ တရားဆယ်ပါးမှ ထွက်မြောက်၍၊ လမ်းမှန်သို့ ရောက်

(ဒုတိယအကြိမ်)

ပြီးသော၊ ဥဒယဗ္ဗယဉာဏ်၊ ထိုနောင် အဆင့်ဆင့်သော၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ် အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဤဝိပဿနာဉာဏ်၊ ကိုးပါးသည်။ ဉာဏဒဿနဒ္ဓိကို ရခြင်း၏။ အကျင့် ဖြစ်သောကြောင့်၎င်း၊ ပစ္စဝေက္ခနာဉာဏ်ဖြင့် မြင်သောကြောင့်၎င်း၊ ဆန့်ကျင်ဘက်တရားမှ၊ အထူးသဖြင့် စင်ကြယ်သောကြောင့်၎င်း၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ထိုဝိပဿနာ ကိုးပါးကို အစဉ် အတိုင်း ပြဆိုပေအံ့။

ဤသို့ ဥဒယဗ္ဗယ ဉာဏ်ကို ရပြီးသော၊ ယောဂီပုဂ္ဂိုလ်အား။ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ အနိစ္စံ, ဒုက္ခံ, အနတ္တာ,ဟု အဘန်ဘန် ရုပ်နာမ်တရားတို့ကို စင်းစား နှိုင်းချိန်လျက် ဥဒယဗ္ဗယဉာဏ်၊ စွမ်းသန် ထက်မြက်လှ၍၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် သင်္ခါရ တရားတို့သည်။ လျင်စွာလျင်စွာ ထင်လာဘန်များသည်။ ရှိသော်။ လျှပ်စစ် ပျက်သည်ကို ကြည့်ရှုသော၊ သူအား။ လျှပ်စစ်၏။ လျင်မြန်ခြင်းကြောင့်၊ ဖြစ်ခြင်းကို မမြင်လိုက်ရဘဲ။ ပျက်ဆဲတွင်သာ မြင်လိုက်ရ၍၊ အပျက်ကိုသာ စိတ်၌၊ ထင်သကဲ့သို့၊ ရုပ်နာမ်တရားတို့၏။ ဥပါဒ်ကို၎င်း၊ ဌီကို၎င်း။ လွတ်လျက်၊ ကုန်ခြင်း ပျက်ခြင်း ဟူသော၊ ခဏိကနိရောဓ၊ အချုပ်အပျက် မျှသာထင်၍၊ ဘင်္ဂသာ သတိဉာဏ် တည်နေလေတော့သည်။ ဤသို့ ဘင်္ဂသာ သတိ ဉာဏ် တည်သောအခါ။ သင်္ခါရ တရားအပေါင်းသည်။ ဤသို့

ဖြစ်ပြီး၍၊ ဤသို့ တဘန် ချုပ်ပျက်ရပြန်၏၊ တကား ဟူ၍၊ ချုပ်ခြင်း ပျက်ခြင်း ဘင်္ဂ သဘောကို၊ ရှုဆင်ခြင်သော၊ ဉာဏ်သည်၊ ဘင်္ဂဉာဏ် မည်၏။

ဘင်္ဂဉာဏ်ပြီး၏။

ဤသို့ တင်္ဂါ နုပဿနာဉာဏ်ကို အဘန်ဘန် မှီဝဲပွားများသော ယောဂီပုဂ္ဂိုလ်အား၊ အသက်ရှည်ကြာ ချမ်းသာကို လိုသော ဘေးကိုလည်း ကြောက်တတ်သော ယောကျ်ားအား။ ခြင်္သေ့-သစ်- ကျား သားရဲ စွယ်ဖြူး၊ ဘီလူး ဆင်ကြမ်း၊ ဆိုးသွမ်းမြွေဆိုး၊ မိုယ်းကြိုးစက်ကွင်း၊ သင်းချိုင်းစစ်ပွဲ၊ အလျှံစဲသော ရှားမီးခဲ အစုကို တွေ့မြင်ရာ။ မှိုင်မေ့ဝေနောက်၊ သေမတတ် ကြောက်ခြင်း ဖြစ်သကဲ့သို့၊ ခပ်သိမ်းဉဿုံ၊ ပျက်ပြားကုန်သော တေဘူမိက သင်္ခါရတို့သည်၊ ကြောက်မက်ဘွယ်သော ဘေးကြီးဟု ဝိပဿနာဉာဏ်၌ ထင်လာကုန်၏။ အတိတ်၌ ဖြစ်သော ရုပ်နာမ် သင်္ခါရတို့သည်၊ ကွယ်ပျောက်ချုပ်ပျက် လေကုန်ပြီ၊ ယခု ပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရတို့သည်လည်း- ပျက်ပြား ချုပ်ငြိမ်းဆဲ။ နောင် အနာဂတ် ရုပ်နာမ် သင်္ခါရတို့သည်လည်း ပျက်စီး ချုပ် ငြိမ်း ကုန်လတံ့။ ထိုအလုံးစုံသော ရုပ် နာမ် သင်္ခါရတို့သည်၊ ကြောက်မက်ဘွယ်ရာ တရား

တို့သာတည်း ဟူ၍ အဘန်ဘန် ရှုသောဉာဏ်သည်၊ ဘယဉာဏ် မည်၏။ ။

ဤ၌ ဘယဉာဏ်ဟု ဆိုသော်လည်း-လောကဒဏ်ကြောင့် ကြောက်သည်ကို မယူအပ်။ လောကဒဏ်ကြောင့် ကြောက်ခြင်းသည်ကား။ ဒေါသစိတ်သာတည်း။ ကာမရူပ၊ အ ရူပတည်း ဟူသော ဘဝသုံးပါး၌ ဖြစ်ကုန်သော အတိတ်- ပစ္စုပ္ပန်- အနာဂတ် သင်္ခါရတို့ကို ကြောက်မက်ဘွယ်သော ဘေးတို့သာ တည်းဟု ဘယဉာဏ်ဖြင့် ပိုင်းခြား၍ သိခြင်းမျှသာတည်း။

ဘယဉာဏ် ပြီး၏။

ဤသို့ ဘယာနုပဿနာဉာဏ်ကို အဘန်ဘန် ပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား၊ လောက၌ ကြောက်လန့် ဘတ်သော ယောကျ်ားသည်၊ ခြင်သေ့ သစ် ကျား ရှိသော တောအုပ်၊ မိစ်ကျောင်း ရဲသောချောင်း- နံ့းသူ ထားပြ ပုန်း အောင်းသော ခရီးလမ်း- ဝင်းဝင်း ပြောင်ပြောင် မီးတောက် လောင်သောအိမ်၊ ထိုး ခုတ် သတ်ဖြတ်သော စစ်မြေသို့ရောက်၍ ကြောက်ရွံ့ ထိတ်လန့်လျက်၊ ထက်ဝန်းကျင်အားဖြင့် အပြစ် ဒေါသ အာဒီနဝကိုသာ မြင်အကဲ့သို့၊ ခပ်သိမ်းသော ဘုံဘဝ တို့၌ မှီခိုပုန်းအောင်းရာ ကိုးကွယ်ရာကို မမြင်။ ဘုံဘဝတို့၌၊

တစုံတခုသော သင်္ခါရကိုမျှ တောင်းတခြင်းကိုမပြု။ ဘုံသုံးပါးကို နှောင်အိမ်ကြီး၊ ဓာတ်လေးပါးကို အဆိပ်ပြင်းထံသောမြွေ၊ ခန္ဓာ ငါးပါးကို သန်လျက်ထမ်းသော သူသတ်ယောကျ်ား၊ အဇ္ဈတ္တိကာယတန ခြောက်ပါးကို ရွာပျက်ပမာ၊ ဗာဟိရာယတန ခြောက်ပါးကို ဂါမဃာတက ခိုးသားပမာ၊ ဘင်္ဂါနုပဿနာဉာဏ်၏ အစွမ်းဖြင့် ဘေးဟု ထင်ကုန်ပြီးသော သင်္ခါရတို့ကို၊ နူနာ အိုင် အမာ စွဲကပ်သောသူမှာ သက်သာရာမရှိ၊ သမ္ပတ္တိကင်းစင်သကဲ့သို့၊ ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အာဒီနဝ အစုသာ ထင်မြင်လာသော ဉာဏ်သည်၊ အာဒီနဝ ဉာဏ်မည်၏။ ။

အာဒီနဝဉာဏ် ပြီး၏။

ဟိမဝန္တာ တောသုံးထောင်၌ မွေ့လျော် ပျော်ပါး ကျက်စားသွားလာနေသော–ကေသရာဇာ ခြင်္သေ့မင်းသည်၊ လူတို့ နှောင်သွင်း၊ ရွှေချိုင့်တွင်း၌ မပျော်မွေ့နိုင် သကဲ့ သို့ ၎င်း၊ ဟိမဝန္တာ ဆဒ္ဒန်အိုင်၌သာ မွေ့လျော် ပျော်ပါး ကျက်စားသွားလာနေသော ဆဒ္ဒန်ဆင်မင်းသည်၊ နန်းတွင်း မြို့တွင်း၌ မပျော်မွေ့နိုင် သကဲ့သို့၎င်း၊ ခပ်သိမ်းကုန်သော သင်္ခါရတရားတို့ကို။ ထက်ဝန်းကျင်မှ အပြစ် ဒေါသ အာဒီနဝအားဖြင့် မြင်ပြီးသော ယောဂီပုဂ္ဂိုလ်အား၊ ခပ်သိမ်းသော ဘုံဘဝသို့၊

(ဒုတိယအကြိမ်)

သွားရောက်ဖြစ်ရခြင်း သင်္ခါရတို့၌၊ မနှစ်ခြိုက်နိုင် ညှိုးမှိုင်နွမ်းချိ၊ ပျင်းရိ ငြီးငွေ့ မပျော်မွေ့ဘဲ။ အနုမာန ဉာဏ်ဖြင့် မြင်အပ်သော နိဗ္ဗာန်၌သာ ပျော်ပါးညွတ်ကိုင်းသောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။ ။ဤနိဗ္ဗိဒါဉာဏ်-ယခင် ပြဆိုခဲ့ပြီး ဘယဉာဏ်-အာဒီနဝဉာဏ်၊ ဤ ဉာဏ်သုံးပါးတို့သည်၊ ဘယ အာဒီနဝ နိဗ္ဗိန္ဒိတဗ္ဗ ဖြစ်သော သင်္ခါရတို့၌ ထင်သော ကြောင့်၊ အထွဋ်အထိပ်သို့ ရောက် ကြလျှင်၊ သ ဘော တူ မျှ ကြသော်လည်း၊ ထိုထိုဘာဝနာ အစွမ်းသို့ ရောက်ကြသဖြင့် အခိုက်အတန့် အထူးကိစ္စ သုံးပါး အစွမ်းသတ္တိ အားဖြင့် အစ၌ ထူးပြားသော သဘော ရှိကြကုန်၏။

နိဗ္ဗိဒါဉာဏ် ပြီး၏။

ဤသို့ နိဗ္ဗိဒါဉာဏ်ဖြင့် ဘုံသုံးပါး၌ ဆန့်ကျင်ငြီးငွေ့ မပျော်မွေ့သော ယောဂီပုဂ္ဂိုလ်အား။ ကြောင်မိသော ကြွက်သူငယ် စွန်သုတ်ယူသော ကြွက်သူငယ်၊ မြွေမိသောဖါး၊ ပိုက်ကွန်မိသောငါး၊ ချိုင့်လှောင် သောကျေး။ ကျော့ကွင်းမိသော သမင်၊ ရန်သူလက်တွင်း မိသောယောကျ်ား စသည်တို့ကဲ့သို့ အလုံးစုံသော၊ ဘေဘူမိက သင်္ခါရတို့၌ပင်၊ မွေ့လျော်ပျော်ပါး နှစ်သက် တပ်စွန်းသော စိတ်မရှိဘဲ ကင်းပြတ်လျက်။ လွန်မင်း

စွာပင် ဘုံသုံးပါးမှ လွတ်ကင်း ထွက်မြောက်လိုသော၊ ဉာဏ်သည်၊ မုဉ္စိတုကမျတာ ဉာဏ်မည်၏။

မုဉ္စိတုကမျတာဉာဏ်ပြီး၏။

ကွန်ပစ်၍၊ ငါးရှာသော၊ တငါ ယောကျ်ားသည်။ ကွန်ထဲ၌၊ မိသော မြွေငန်းကို ငါးမှတ်၍၊ နှစ်သက်ဝမ်းသာသက်ဖြင့် ကွန်ရက်ကို ဖြေ၍၊ ဖန်းသော် မြွေငန်းကိုမိ၍၊ အလွန်ကြောက်ရွံ့ ထိပ်လန့် လှသောကြောင့် လက်မှဖြေကာ ပစ်လွှတ်လျက် ကမ်းတက်သို့ ထွက်ပြေး၍၊ မြွေဘေးမှ၊ ငါ လွတ်ခဲ့လာပြီဟု၊ လာခဲ့သောလမ်းကို ဝမ်းမြောက်စွာ ကြည့်သကဲ့သို့၊ ယောဂီပုဂ္ဂိုလ်အား၊ ရုပ်နာမ် သင်္ခါရတရားတို့ကို ဝိပဿနာ ဉာဏ်ဖြင့် မသိမ်းဆည်းခင်က၊ အတ္တဘောကို ခင်မင်စုံမက်၍၊ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂါနုပဿနာဉာဏ်တို့ဖြင့် မြင်ပြီး၍၊ အစဉ်အားဖြင့်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာ ဉာဏ်ဖြစ်၍၊ ထိုသင်္ခါရတို့မှ လွတ်မြောက်ရန်၊ တေဘူမိက သင်္ခါရကိုပင် အနိစ္စံ ဒုက္ခ အနတ္တာ၊ အနိစ္စံ၊ ဒုက္ခ၊ အနတ္တာ၊ ဟူ၍၊ သိမ်းဆည်းပြန်သဖြင့်၊ တဘန်၊ အနိစ္စ၊ သုဘ၊ သုခ၊ အတ္တအခြင်း အရာဖြင့်

(ဒုတိယအကြိမ်)

မထင်လာဘဲ၊ ကောင်းစွာ လွတ်မြောက်သော၊ ဉာဏ်သည်၊ ပဋိသင်္ခါဉာဏ်မည်၏။ ။

ပဋိသင်္ခါဉာဏ်ပြီး၏။

ရေမြှုပ်စိုင်သည်ငှင်း၊ တံလျှပ်သည်ငှင်း၊ ရေပွက်သည်ငှင်း၊ မျက်လှည့်ရုပ်သည်ငှင်း၊ ငှက်ပျောတုံးသည်ငှင်း၊ အနှစ်သာရမှ ကင်းသကဲ့သို့၊ ထို့အတူ ဤရုပ်တရားသည်၊ နိစ္စသာရ သုခ သာရ၊ အတ္တ သာရမှကင်း၍၊ အချီးနှီး ဆိတ်သုံးသော၊ တရားပေတည်း။ ကိုယ်မဟုတ်၍၊ အစိုးသည်းမရ၊ အစိုးရသူလည်း မရှိ၊ အမြဲချမ်းသာ သုခဖြစ်စေဟု အလိုရှိတိုင်း မပြုထိုက် မိမိ အလိုဖြင့် တစုံတခုကိုမျှ မပြုတတ်၊ ကောင်းတတိုင်းမရ၊ မိမိ လည်း သူတပါးအလို၌! မဖြစ်တတ် သူတပါးကိုလည် မိမိ အလိုသို့ မလိုက်စေတတ်၊ စီရင်တိုင်း မရသည်ဖြစ်၍၊ သူစိမ်း ပြင်ပသာတည်း။ တတ္တိတို့ ကြံဆအပ်သော၊ သတ္တ ဇီဝ မာဏ ဝ၊ နရ၊ ဣတ္ထိ၊ ပုရိသ၊ ဒေဝ ဗြဟ္မာ စသည် မဟုတ်သော တရားပေတည်း။ ။

ဝေဒနာစသောနာမ် တရားသည်လည်း။ ထို့အတူ၊ ရိတ္တ တုစ္ဆ၊ သုညစသည်သာ ဖြစ်၏၊ ဟူ၍၊ ဤအခြင်း အရာဖြင့် သင်္ခါရ တရားတို့ကို သိမ်းဆည်း၍၊ သုညအားဖြင့် မြင်ပြီးသည်

(ဒုတိယအကြိမ်)

ရှိသော်၊ လက္ခဏာယာန် သုံးပါးသို့ တင်၍။ ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရ တရားတို့ကို အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ၊ အနိစ္စံ၊ ဒုက္ခံ အနတ္တာ၊ ဟူ၍၊ အဘန်ဘန် ရှုသော၊ ယောဂီပုဂ္ဂိုလ်အား၊ ချစ်ကြင်လှစွာသော မယားကို။ မုန်းထား ပြစ်မြင် ကွာကြည် ပြီးသည်နောက်။ တစုံတယောက်သော၊ ယောကျာ်းနှင့် စကား ပြော၍၊ နေထိုင်သည်ကို မြင်သော်လည်း။ မမုန်းမချစ်ဘဲ လျစ်လျူသာ ဖြစ်သကဲ့သို့၊ ခပ်သိမ်းသော၊ သင်္ခါရတို့၌၊ ငါ၊ငါ၏ ဥစ္စာတည်းဟု အထင်အမြင်မှ ကင်းခြင်းကြောင့်၊ ကြောင့်ကြ စိုးရိမ်ခြင်း နှစ်သက်ခြင်းကို စွန့်၍၊ မမုန်းမချစ် လျစ်လျူသာ ဖြစ်၏။ ဘုံသုံးပါး စသည်ကို နှောင်အိမ်ကြီး အလားကဲ့သို့ မနှစ်ချိုက် မပွားများမူ၍၊ လျစ်လျူဖြင့်၍၊ သေင်ရင်း ရွံ့ရှာ စက်ဆုတ်၍ သော်ဒင်း အထင်အမြင် ဖြစ်လာသော ဉာဏ်သည်၊ သင်္ခါ ရုပေက္ခာဉာဏ် မည်၏။ ။

ဤသင်္ခါ ရုပေက္ခာဉာဏ်သည်။ အထက် အနုလောမဉာဏ်၏ အခြေ မဖြစ်သေး မရင့်မသန်သေးမူကား။ သင်္ခါရတရားတို့ကို သိမ်းဆည်း ရှေးရှုအာရုံပြု၍၊ အဘန်ဘန် လျစ်လျူရှုလျက်၊ အနုပဿနာ သုံးပါး၏။ အစွမ်းအားဖြင့် တည်နေ၏။ ဤသို့ အနုပဿနာ သုံးပါး၏၊ အစွမ်းအားဖြင့် တည်နေသော သင်္ခါရုပေက္ခာ ဉာဏ်သည်။ သုံးပါးသော ဝိမောက္ခ မုခ အဖြစ်သို့ ရောက်၍၊ အရိယာ ပုဂ္ဂိုလ် ကွဲပြားခြင်း၏၊ အကြောင်းဖြစ်၏။ သုံးပါးသော ဝိမောက္ခ မုခ အဖြစ်သို့ ရောက်ပုံကား။ ။

သဒ္ဓိန္ဒြေအားကြီး ကဲလွန်သော ယောဂီပုဂ္ဂိုလ်အား အနိစ္စာနုပဿနာ ထက်သန်၍၊ သင်္ခါရ တရားတို့၌၊ နိစ္စ, ဓုဝ, သုခ သုဘ, အတ္တနိမိတ်ကို ပယ်ခွါလျက်။ သင်္ခါရ နိမိတ် အလုံးစုံ ကင်းဆိပ်သော၊ နိဗ္ဗာန်သို့ ညွတ်စင် ဘဝင်ပြတ်လျက်။ အနုလောမဉာဏ် ဂေါတြဘုဉာဏ်သို့ တက်၍၊ မဂ်ဖိုလ် တိုင်အောင် တစပ်တည်း သွားသည်ဖြစ်အံ့။ အာရုံဖြစ်သော၊ နိဗ္ဗာန်သည်။ အနိမိတ္တနိဗ္ဗာန်မည်၏။ အာရမ္မဏိက ဖြစ်သော မဂ်သည်။ အနိမိတ္တ ဝိမောက္ခမည်၏။ ရောက်ကြောင်း ဖြစ်သော၊ အနိစ္စာနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်သည်။ အနိမိတ္တ ဝိမောက္ခမုခ မည်၏။ ။

ထိုအတူ သမ္မါဓိန္ဒြေအားကြီး ကဲလွန်သော၊ ယောဂီ ပုဂ္ဂိုလ်အား ဒုက္ခာနုပဿနာ ထက်သန်၍၊ ဇာတိစသော ဘေးသည် နှိပ်စက်အပ်သော သင်္ခါရတရားတို့၌၊ တောင်းတခြင်း တဏှာပဏိဓိကို စွန့်ခွာလျက် တဏှာအလုံးစုံ ကင်းဆိပ်သော နိဗ္ဗာန်သို့ညွတ်စဉ်။ ဘဝင်ပြတ်လျက်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်သို့ တက်၍၊ မဂ်ဖိုလ် တိုင်အောင် တစပ်တည်းသွားသည် ဖြစ်အံ့။ နိဗ္ဗာန်သည် အပဏိဟိတ နိဗ္ဗာန်မည်၏။ မဂ်သည် အပဏိဟိတ ဝိမောက္ခမည်၏။ ဒုက္ခာနုပဿနာ ဟူသော သင်္ခါရုပေက္ခာ ဉာဏ်သည်။ အပဏိဟိတ ဝိမောက္ခမုခ မည်၏။ ။

(ဒုတိယအကြိမ်)

ပညိန္ဒြေအားကြီး လွန်ကဲသော ယောဂီပုဂ္ဂိုလ်အား။ အနုတ္တာနုပဿနာဉာဏ် ထက်သန်၍၊ သူစိမ်းပြင်ပ သင်္ခါရတရားတို့၌၊ ကိုယ်ဟု ထင်မှတ်သော အတ္တသညာကို စွန့်ခွါလျက်။ အတ္တကင်းဆိတ်သော နိဗ္ဗာန်သို့ ညွတ်စဉ်၊ ဘဝင်ပြတ်လျက် အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်သို့ တက်၍၊ မဂ်ဖိုလ် တိုင်အောင် တစပ်တည်း သွားသည်ဖြစ်အံ့။ နိဗ္ဗာန်သည်။ သုညတ နိဗ္ဗာန် မည်၏။ မဂ်သည်။ သုညတ ဝိမောက္ခမည်၏။ အနုတ္တာ နုပဿနာ ဟူသော သင်္ခါရုပေက္ခာ ဉာဏ်သည်။ သုညတ ဝိမောက္ခ မုခ မည်၏။ ။

အနုပဿနာ သုံးပါးတွင်၊ တပါးပါး ကဲလွန်သော ပုဂ္ဂိုလ် အားလည်း ဣန္ဒြေသုံးပါးတို့တွင်၊ တပါးပါး အားကြီး ထက် သန် တတ်သည်။ ဤကား အနုပဿနာ သုံးပါး၏ အစွမ်း အားဖြင့် တည်သော သင်္ခါ ရုပေက္ခာ ဉာဏ်သည်၊ ဝိမောက္ခ သုံးပါး၊ ဝိမောက္ခ မုခ သုံးပါး အဖြစ်သို့ ရောက်ပုံကို ပြဆို ချက်တည်း။ ဤသင်္ခါရုပေက္ခာဉာဏ်၊ အထက် အနုလောမ ဉာဏ်၊ ဂေါတြဘုဉာဏ်၊ ဤဉာဏ်သုံးပါးတို့သည်။ မလောကီ ဉာဏ်တို့၏၊ အထွဋ် အထိပ်သို့ ရောက်သောကြောင့် သိခါင်္ပတ္တ မည်ကုန်၏။ ဗဟိဒ္ဓနိမိတ် အာရုံမှရင်း၊ အဇ္ဈတ္တနိမိတ် အာရုံမှ ရင်း၊ ထမြောက် ခြင်းကြောင့် စုဋ္ဌာန မည်သော မဂ်သို့ သွားတတ် မဂ်နှင့် စပ်သည်ဖြစ်၍၊ စုဋ္ဌာန ဂါမိနီလည်း

မည်ကုန်၏။ သိခါပတ္တ ဝုဋ္ဌာန ဂါမိနိ ဝိပဿနာဟု ဆိုလိုသည်။

သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

သင်္ခါရုပေက္ခာ ဉာဏ်ကို အဘန်ဘန် မှီဝဲ ပွားများသော ယော ဂါဝစရပုဂ္ဂိုလ်အား၊ အလွန် ထက်သန်သော အဓိမောက္ခ သဒ္ဓါ။ ကောင်းစွာ ချီးမြှောက် အပ်သော ဝီရိယ မြဲမြံထင်မြင်သော သတိ။ အလွန် တည်ကြည်သောစိတ်။ ထက်မြက် လှစွာသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ၍ မဂ်ဖြစ်ခါ နီးလတ်သော်၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်။ အာရုံပြုအပ်သော။ အနိစ္စကို သော်၎င်း ဒုက္ခကိုသော်၎င်း။ အနတ္တကိုသော်၎င်း။ တပါးပါးကို အာရုံပြု၍။ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုနောင်မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု တို့တွင် တခုခုသည် ပရိကမ်-ဥပစာ အနုလုံဟူ၍ သုံးကြိမ်။ အနုလောမဉာဏ်ဇောဖြစ်၏။ တိက္ခ ပညာပုဂ္ဂိုလ်အားကား။ ပရိကမ်ကိုပယ်၍၊ ဥပစာ၊အနုလုံဟူ၍ နှစ်ကြိမ်သာဖြစ်၏။ ဤဇော သုံးကြိမ်ကို သာမညအားဖြင့် အာသေဝနဟူ၍၎င်း။ ဥပစာဟူ၍၎င်း ရိပကံဟူ၍၎င်း အနုလုံ ဟူ၍၎င်း ဆိုအပ်သည်ချည်းတည်း။ ဤဇောသုံးကြိမ်၌ရှိသော

ဉာဏ်သည်ဥဒယဗ္ဗယ်စသောရှေးရှစ်ဘန်သောဉာဏ်တို့အားရင်း၊ နောက်ဖြစ်လတံ့သော မဂ်ဥ္ဇ သုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့အားရင်း လျော်သောကြောင့်။ အနုလောမဉာဏ်မည်၏။ ။လက္ခဏာရေး သုံးပါးကိုသုံးသပ်ခြင်း ကောင်းစွာ တွေ့ဝေခြင်းစသော ပဋိပက္ခ တရားတို့ကို ဖျက်ဆီးခြင်းဖြင့် သင့်တင့်လျော်ကန် မှန်သောကိစ္စရှိသည်ဖြစ်၍။ မဂ္ဂသစ္စာအား လျော် သော ကြောင်း ရင်း။ သစ္စာ နုလောမိက ဉာဏ် လည်း မည်၏။ ။

အနုလောမဉာဏ်ပြီး၏။

ဆိုခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်က စ၍၊ ဤအနုလောမဉာဏ်ဘိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ်သည်။ နောက်ကဆိုခဲ့ပြီး သည် အား လျော် စွာ။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။ ။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပြီး၏။

(ဒုတိယအကြိမ်)

ဤသို့အနုပဿနာသုံးပါးတို့၏ အစွမ်းအားလျော်စွာ၊ သစ္စာကို၊ ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်တိုက်ကို ပယ်လှင့်ဖျောက်ဖျက် ပြီးသော ယောဂီ ပုဂ္ဂိုလ်အား။ ခပ်သိမ်းသော သင်္ခါရတို့ကို။ ပလိဗောဓကြီးဟု မှတ်ထင်၍။သင်္ခါရတို့၌ စိတ်မပြီးကပ်ဘဲ။ ပိန်းကြာရွက် ပေါ်၌ ကျသော ရေပေါက်ကဲ့သို့ တွန့်တိုဆုတ်နစ်ရိတတ်သော်။ ထိုအနုလောမဉာဏ် သုံးကြိမ်တို့၏ အခြားမဲ့၌။ အသင်္ခတ၊ နိရောဓ မည်မှန် မြတ်နိဗ္ဗာန်ကို အာရုံပြုလျက်။ ပုထုဇဉ် ဟူသော အနွယ်ကို။ လွန်မြောက်နှိပ်စက်၍။ အရိယာဟူသော အနွယ်ကို ပွားများ သက်ဝင်၍။ မဂ်စိတ်၏ အာဝဇ္ဇန်း ကိစ္စ အရာ၌ တည်သော မဂ်စိတ်အား အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ-ဝိဂတ ခြောက်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုတတ်သော ရှေ့နောက် သုဒ္ဓိသို့ မဝင်။ အကြားတွင် အာဗ္ဗောဟာရိကဉာဏ်ဖြစ်သော။ ဤကား နည်းအားဖြင့် လျော်ရာသွင်းလျှင် ဝိပဿနာ အယဉ်၌ကျသော ကြောင့် ဝိပဿနာဟူသောအမည်။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဟူသော အမည်ကို ရသော။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ တို့၏ အထွဋ်အထိပ် ဖြစ်သော။ တဘန်ဆုတ်နစ်ပြန်လည်ခြင်း သဘော မရှိဘဲ။ ယခင်အနုလောမဉာဏ်ကိုစွတပ်သော စိတ်မျိုးသည်ပင် ဂေါတြဘူကိုစွတပ်၍ဖြစ်၏။ ။တဝီထိတည်း၌ အာဝဇ္ဇန်း တူလျက်၊ အနုလုံ ဂေါတြဘူနှစ်ပါး အာရုံပြားပုံကို ဤသို့ ဥပမာအားဖြင့် မှတ်အပ်၏။ ဤမှာဘက်ကမ်း သစ်ခက်၌ ဖွဲ့ချည်သော ကြိုးလျှော်ဒဏ်ကို ကိုင်ဆွဲစီးနင်း၍ မြောင်းကြီးကို

ခုန်လွှားသော ယောကျ်ားကဲ့သို့။ ဥဒယဗ္ဗယာ နုပဿနာဉာဏ် စသည်ဖြင့် လျှင်မြန်စွာ ပြေးလျက် ဘုံသုံးပါး တည်းဟူသော ဤမှာဘက်ကမ်းဝယ် အတ္တဘောဟူသော သစ်ခက်၌ ဖွဲ့ချည်သော ရုပ်နာမ်ခန္ဓာ ဟူသော ကြိုးလှံ့ဒဏ်ကို အနိစ္စ-ဒုက္ခ-အနတ္တာဟူသော အာဝဇ္ဇန်းဖြင့် ကိုင်ဆွဲလျက် အနုလုံသုံးချက်အားဖြင့် ခုန်တက်ပျံလွှမ်း၍ ဂေါတြဘူဖြင့် နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်း၌ကူး၍ မဂ်ဉာဏ်ဖြင့် မြဲမြံစွာ တည်ရလေတော့သည်။ ။ဤကား အနုလုံဂေါတြဘူတို့ အာရုံပြားပုံကို ဥပမာဖြင့် ပြဆိုချက်တည်း။ ။

ထိုဂေါတြဘူ စိတ်နောင် သစ္စာလေးပါးကို တပြိုင်နက် သိ-ပယ်-ဆိုက်-ပွား၊လျက် သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်လာ၏။ သောတာပတ္တိ မဂ်နောင်အကျိုးဖြစ်သော သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်ဖြစ်လျက် ဘဝင်သို့ သက်လေ၏။ ထိုနောင်ပစ္စဝေက္ခဏာဉာဏ် ငါးပါးတို့သည် ဖြစ်ကုန်၏။ ဤသောတာပတ္တိဖိုလ်၌ တည်သောပုဂ္ဂိုလ်ကို သောတာပန်ဟူ၍ ခေါ်ကြကုန်၏။ ။ထိုနောင် ထို နေ ရာ ၌ သော်၎င်း၊ ရှည်လျား ကြာမြင့်သောအခါ၌ သော်၎င်း၊ ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်တရားတို့ကို ထက်သန်စေလျက် ဝိပဿနာဉာဏ် ဆယ်ပါးဖြင့်တက်၍ သကဒါဂါမိမဂ်-ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်လာကုန်၏။ ထိုနောင် ထိုအတူအနာဂါမိမဂ်-ဖိုလ်ပစ္စဝေက္ခဏာဉာဏ် အရဟတ္တမဂ်ဖိုလ်-ပစ္စဝေက္ခဏာ ဉာဏ်တို့သည် အစဉ်

အတိုင်းဖြစ်ကြ၍ ခီဏာသဝ အဂ္ဂဒက္ခိဏေယျ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

၁။ အာသဝါနံခယံပတ္တာ၊ အန္တိမဒေဟဓါရိနော။
အရဟန္တာဟိတဘာရာ၊ အနုပ္ပတ္တသဒတ္ထကာ။

၂။ ပရိက္ခီဏသံယောဇနာ၊ သမ္မဒညာဝိမုတ္တကာ။
သဒေဝကဿလောကဿ ဟောန္တဂ္ဂဒက္ခိဏေယျကာ။

အနက်ကား။ ။အာသဝါနံ၊ အာသဝေါ တရားတို့၏၊ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တမဂ်သို့၊ ပတ္တာ၊ ရောက်ကုန်ပြီးသော၊ အန္တိမဒေဟ ဓာရိနော၊ အဆုံးစွန်သော၊ ကိုယ်ကိုဆောင်ကုန်ထသော၊ အရဟန္တာ၊ ကိလေသာ မာရ်၊ ကိုယ်တွင်းရန်ကို၊ ပယ်လှန် တွန်းသတ်၊ ရဟန္တာပုဂ္ဂိုလ် မြတ်တို့သည်။ ဩဟိတဘာရာ၊ ပယ်ချအပ်ပြီးသော၊ ခန္ဓာဝန်၊ ကိလေသဝန်၊ အဘိသင်္ခါရဝန် ရှိကုန်သည်။ ဟောန္တိဖြစ်ကုန်၏။ အနုပ္ပတ္တသဒတ္ထကာ၊ အစဉ် ရောက်အပ်သော၊ အရဟတ္တဖိုလ်ဟူသော မိမိ အကျိုးရှိကုန်သည်။ ပရိက္ခီဏ သံယောဇနာ၊ ကုန်ခမ်းပြီးသော သံယောဇဉ် ဆယ်ပါးရှိကုန်သည်။ သမ္မဒညာဝိမုတ္တကာ၊ ခန္ဓာ စသည်တို့၏၊ သဘောကို ကောင်းစွာသိ၍၊ အထူးသဖြင့် လွတ်

ခြောက် ကုန်ပြီးသည်။ သဒ္ဒေဝကဿ၊ နတ်နှင့် တကွသော၊ လောကဿ၊ လူအပေါင်း၏၊ အဂ္ဂဒက္ခိဏေယျကာ၊ မြတ်သော အလှူကို ခံထိုက်ကုန်သော၊ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤအရာ၌၊ သောတာပတ္တိမဂ်၏ ရှေးဖြစ်သောဉာဏ်သည်၊ ဂေါတြဘူမည်၏။ အထက်မဂ် သုံးပါးတို့၏ ရှေးဖြစ်သော ဉာဏ်သည်၊ ဝေါဒါန်မည်၏။ ။ဆိုခဲ့ပြီးသော၊ သောတာပတ္တိမဂ်ဉာဏ် သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ ဤမဂ်ဉာဏ် လေးပါးသည်၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ။

ဉာဏဒဿနဝိသုဒ္ဓိပြီး၏။

ဤကား၊ ဝိသုဒ္ဓိ၊ ၇ပါး။ လက္ခဏာ၊ ၃ပါး။ အနုပဿနာ ၃ပါး။ ဝိပဿနာဉာဏ် ဆယ်ပါး၊ ဝိမောက္ခ၊ ၃ပါး၊ ဝိမောက္ခမုခ၊ ၃ပါး၊တို့ဖြင့်၊ ဘဆင့်ဆင့် မဂ်ဖိုလ်လမ်းရောက်၊ နိဗ္ဗာန် သေါက်အောင် ပြဆိုချက်တည်း။ ။

ဝိပဿနာဉာဏ်းပြီး၏။

(ဒုတိယအကြိမ်)

မဂ်ဉာဏ်လေးပါးဖြင့် တပြိုင်နက်၊ သိ၊ ပယ်၊ ဆိုက်၊ ပွါး အပ်သော သစ္စာလေးပါးကို အကျဉ်းအားဖြင့် ပြဆိုကြောင်း။

ခန္ဓာနဉ္စပဋိပါဋိ၊ ဓာတုအာယတနာနစ။
အဗ္ဗောစ္ဆိန္နံဝတ္တမာနာ၊ သံသာရောတိပဝုစ္စတိ။

အနက်ကား။ ။ခန္ဓာနဉ္စ၊ ခန္ဓာတရားတို့၏၎င်း၊ ဓာတုအာယတနာနဉ္စ၊ ဓာတ်တရား၊ အာယတန တရားတို့၏၎င်း။ ပဋိပါဋိ၊ ဉပါဒ်၊ ဌီ၊ ဘင်၊ အစဉ်အားဖြင့်၊ အဗ္ဗောစ္ဆိန္နံ၊ အစဉ်မပြတ်၊ ဝါ၊ တလစပ်၊ ဝတ္တမာနာ၊ ဖြစ်ခြင်းသဘောကို။ သံသာရောတိ၊ သံသရာဟူ၍၊ ပဝုစ္စတိ၊ ဆိုအပ်၏။ ။ ဤသို့ လာသော ဒေသနာတော်နှင့် အညီ၊ ခန္ဓာ၊ အာယတန ဓာတ်တရားတို့၏၊ မြစ်ရေ အယဉ်ကဲ့သို့၊ ဉပါဒ်၊ ဌီ၊ ဘင် အစဉ်အားဖြင့်၊ ဆက်ခါ၊ဆက်ခါ၊ အစဉ်မပြတ် ဖြစ်ပွါး၍၊ နေသော၊ သံသရာဝဲ သြဃကြီးထဲ၌၊ တဝဲလည်လည် ဆုံလည် သည့်နွား၊ ရဟတ်ချားကဲ့သို့၊ ကြဉ်လည် ပြေးသွား၍ နေကြ ရခြင်းသည်ကား။ သစ္စာလေးပါးကို သိ၊ ပယ်၊ ဆိုက်၊ ပွါးလျက်။ ဟုတ်မှန်စွာ ထိုးထွင်း၍ မသိခြင်းကြောင့်ပင် တည်း။ ဤ၌၊ သိဆိုသည်ကား။ ဒုက္ခသစ္စာကို ပိုင်းခြားထင် ထင် သိမြင်သည်ကို ဆိုသည်။ ပယ်ဟူသည်ကား သမုဒယသ စ္စာကို ပယ်သည်ကိုဆိုသည်။ ဆိုက်ဟူသည်ကား။ နိရောဓ

သစ္စာဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ မျက်မှောက်ဆိုက်ရောက်သည်ကို ဆိုသည်၊ ပွါးဟူသည်ကား။ သမ္မာဒိဋ္ဌိစသော မဂ္ဂသစ္စာကို ပွါးများသည်ကို ဆိုသတည်း။ ဤသို့ သစ္စာလေးပါးကို ပိုင်းခြား ထိုးထွင်း၍ မသိမြင်ခြင်းကြောင့်၊ သံသရာ၌ ကြဉ်လည်၍ နေကြကုန်သတည်း။ ထိုကြောင့်

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ
အပ္ပတိဝေဓာဧဝမိဒ ဒီဃမဒ္ဓါနံသန္ဓာဝိတံ
သံသရိတံ မမဉ္စေဝတုမှာကဉ္စ။

ဟူ၍၊ ဟောတော်မူသည်။ ။အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ စတုန္နံ၊ လေးပါးကုန်သော၊ အရိယသစ္စာနံ၊ အရိယ သစ္စာတရားတို့ကို အနနုဗောဓာ၊ လျောက်ပတ်စွာ မသိခြင်းကြောင့်၊ အပ္ပဋိဝေဓာ၊ ပတ်တိုင်းမှန်တိုင်း ထိုးထွင်း၍ မသိခြင်းကြောင့်၊ မမဉ္စေဝ၊ ငါဘုရားအားလည်း၊ တုမှာကဉ္စ၊ သင်ချစ်သားတို့အားလည်း။ ဧဝံ၊ ဤသို့၊ ဒီဃံ၊ ရှည်စွာသော၊ အဒ္ဓါနံ၊ ဤသံသရာ အခွင့်ကာလပတ်လုံး သန္ဓာဝိတံ၊ ကြဉ်လည်ခဲ့ရလေပြီ။ သံသရိတံ၊ တဖြောင်းပြန်ပြန် ကြဉ်လည်ခဲ့ရလေပြီ။ ။ဤသို့လာသော ဒေသနာတော်နှင့် အညီ အနမတဂ္ဂသံသရာ၌၊ ဘဝများစွာ ကြဉ်လည်၍ လာခဲ့ကြရသည်ကား၊ သစ္စပဋိဝေဓဉာဏ်ဖြင့်၊ သစ္စာလေးပါးကို ထိုးထွင်း၍၊ မသိခြင်း

ကြောင့်ပင်တည်း။ အကြင်ရှေ့လောက် ကာလ ပတ်လုံး။ သစ္စာလေးပါးကို မသိသေး၊ ထိုရှေ့လောက် ကာလပတ်လုံး၊ သံသရာ၌၊ တထွေးလုံးလုံး တရစ်ပတ်ပတ်၊ ဝဋ္ဋဆင်းရဲမှ မကျွတ်လွတ်ဘဲ ကြဉ်လည်ကြရလတံ့။ သစ္စပဋိဝေဓဉာဏ်ဖြင့်၊ သစ္စာလေးပါးကို သိမြင်လျှင်၊ သံသရာ ဝဋ္ဋဆင်းရဲမှ၊ လွတ်မြောက်ပြီဟု မှချဆိုရ၏။ ထို့ကြောင့် သံသရာ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်လိုသော၊ ဝိဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿာသယ၊ ဝိဝဋ္ဋကာမ ဖြစ်သော၊ ယောဂီပုဂ္ဂိုလ်တို့အား၊ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်မှုသည်။ အရေး အကြီးဆုံးဖြစ်၏။ သစ္စာလေးပါးကို သိမြင်ဘို့ရာ အတွက်၊ ပါရမီတရားကို ဘဝများစွာ ဖြည့်ကျင့်ရ၏။ သီလကို ခြိုးခြံစွာ ကျင့်ရ၏။ သမာဓိဖြစ်အောင်၊ သမထဘာဝနာကို ပွားများရ၏၊ လက္ခဏာရေး သုံးပါးဖြင့်၊ ဝိပဿနာဉာဏ် ဆယ်ပါး စေ့အောင် အထပ်ထပ် ပွါးများ သက်သန်ရ၏၊ ထိုကြောင့် သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် သိမြင်မှုသည်၊ အရေး အကြီးဆုံး ဖြစ်သတည်း။ ဤသို့ သိနိုင်မြင်နိုင်ခဲ၍၊ အရေး အကြီးဆုံးသော သစ္စာလေးပါး ဟူသည်ကား။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာ ဟူ၍! လေးပါး အပြားရှိ၏၊ ထိုတွင် တရားကိုယ်အားဖြင့်၊ သောဠကိစိတ် ရှစ်ဆယ့်တပါး၊ လောဘ စေတသိက်ကြဉ်သော စေတသိက် ငါးဆယ့်တပါး ရုပ်နှစ်ဆယ် ရှစ်ပါး။ ဤတရား အပေါင်းသည် ဒုက္ခသစ္စာမည်၏။ ထိုဒုက္ခသစ္စာသည်။ သမုဒယသစ္စာ၏ အကျိုးတရားပေတည်း။ ကေန်

စင်စစ် ဒုက္ခသဘော ဖြစ်သောကြောင့်၊ သစ္စာပဋိဝေဓဟု ဆိုအပ်သော၊ မဂ်ဉာဏ် လေးပါးဖြင့်၊ ပိုင်းခြား ထင်ထင်၊ သိမြင်အပ်သော တရားပေတည်း။ အနက် သဘောအားဖြင့်ကား။ ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌ၊ ဟူ၍ လေးပါး အပြားရှိ၏။ ထိုကြောင့်၊ ဒုက္ခဿပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော ဟူ၍၊ ဟောတော်မူ၏။ ။အနက်ကား။ ဒုက္ခဿ၊ ဆင်းရဲစင်စစ်၊ ဧကန် ဖြစ်သော၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ နှိပ်စက် ညှဉ်းပန်း တတ်သော အနက်ရင်း၊ သင်္ခတဋ္ဌော၊ ပြုပြင်စီရင် တတ်သော အနက်ရင်း သန္တာပဋ္ဌော၊ ပူပန်တတ်သော အနက်ရင်း ဝိပရိဏာမဋ္ဌော၊ ဖောက်ပြန်တတ်သော အနက်ရင်း ဣတိ၊ ဤသို့ စတ္တာရောလေးပါး ကုန်သော ဣမေအတ္ထာ၊ ဤအနက် သဘောတို့သည်။ တထာ၊ မဖောက်မပြန် ဟုတ်မှန်ကုန်၏။ အဝိတထာ၊ မချွတ် မယွင်းကုန်၊ အနညထာ၊ တပါးသော အပြားအားဖြင့် မဖြစ်ကုန်၊ ဤသို့ လာသော အတိုင်း ဒုက္ခသစ္စာ၏။ အနက်သဘောကို မှတ်အပ်၏။ ။

ဒုက္ခသစ္စာပြီး၏။

သမုဒယသစ္စာသည်ကား၊ တရားကိုယ်အားဖြင့်။ လောဘမူ စိတ်ရှစ်ခုနှင့်ယှဉ်သော၊ လောဘစေတသိက်တခုသာတည်း။ ထို သမုဒယသစ္စာသည်၊ ဒုက္ခသစ္စာ၏အကြောင်းဖြစ်၍ ကေန်စင်စစ် သမုဒယ သဘောရှိသောကြောင့်။ မဂ်လေးပါးသည်-ပယ်အပ် သောတရားပေတည်း၊ ယင်းသို့ ဒုက္ခ၏ အကြောင်းဖြစ်၍။ လောဘစေတသိက်သာ သမုဒယသစ္စာမည်လျှင်။ အဝိဇ္ဇာ- ဒိဋ္ဌိ စသည်တို့သည်လည်း ဒုက္ခ၏ အကြောင်းဖြစ်၍ သမုဒယ သစ္စါ မည်သင့်သည်မဟုတ်တုံ လောဟူငြားအံ့။ အဝိဇ္ဇာသည် ဘဝ စသည်တို့၏ အပြစ်ကို ဖုံးလွှမ်းရုံမျှသာ။ ဒိဋ္ဌိစသည်လည်း၊ ဘဏ္ဍာပွါးကြောင်း မျှသာ။ ဒေါသ စသည်သည်း ကံ၏ အကြောင်းမျှသာတည်း။ တဏှာသည်သာလျှင် ထိုထိုဘ ဘဝ ယောနိ ဂတိ စသည်တို့၏ ဆန်းကြယ် ခြင်းကို တောင်းတစီမံ တတ်သည်။ ဆန်းကြယ်သောကံ၏ မှီရာနိဿယကံ၏ အဘော် သဟာယဖြစ်သည်။ ဘဝစသည်တို့၏ ဆန်းကြယ်ခြင်းကို မှတ် တတ်ပိုင်းခြားတတ်သည်။ ထိုကြောင့်၊ လောဘ တဏှာသည် သာလျှင်။ ဒုက္ခ၏ ဝိသေသ အကြောင်းဖြစ်၍ သမုဒယ သစ္စာ မည်၏။ အနက်သဘော အားဖြစ်ကား။ အာယူဟနဋ္ဌ နိဒါနဋ္ဌ သံယောဂဋ္ဌ၊ ပလိဗောဓဋ္ဌ ဟူ၍ လေးပါး အပြား ရှိ၏။ ထိုကြောင့်၊ သမုဒယသာ အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယော ဂဋ္ဌော ပလိဗောဓဋ္ဌော၊ ဟူ၍ ဟောတော်မူ၏။ ၀

အနက်ကား။ ။သမုဒယသာ၊ ဆင်းရဲ အပေါင်း၏ အကြောင်း စင်စစ် ကေန်ဖြစ်သော သမုဒယ သစ္စာ၏ အာယူ

ဟာနဌ္ဌေ၊ အားထုတ် တတ်သော အနက်ရှင်း၊ နိဒါနဌ္ဌေ၊ ဆင်းရဲအပေါင်း၏ အကြောင်းဖြစ်သော အနက်ရှင်း၊ သံယောဂဌ္ဌေ၊ ဝဋ်ဆင်းရဲ၌ အမြဲမပြတ် ယှဉ်စေတတ်သော အနက်ရှင်း။ ပလိဗောဓဌ္ဌေ၊ ဝဋ်ဆင်းရဲ၌၊ အစဉ်မပြတ် ရစ်ပတ်တတ်သော အနက်ရှင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေအတ္ထာ၊ ဤအနက်သဘော တို့သည်။ တထာ၊ မဖောက်မပြန်၊ ဟုတ်မှန်ကုန်၏ အဝိတထာ၊ မချွတ်မယွင်းကုန်။ အနညထာ၊ တပါးသော အပြားအားဖြင့်မဖြစ်ကုန် ဤသို့လာသောအတိုင်း၊ သမုဒယသစ္စာ၏ အနက်သဘောကိုမှတ်အပ်၏။ ။

သမုဒယသစ္စာပြီး၏။

နိရောဓ သစ္စာဟူသည်ကား။ နိဗ္ဗာန်ကို ဆိုသတည်း။ ထို နိဗ္ဗာန်၏ သဘောသည် အလွန်နက်နဲ၏။ အနုမာနဉာဏ်ဖြင့် သော်လည်း သိနိုင်မြင်နိုင်ခဲ၏။ ပုထုဇဉ်ဗာလတို့သည်၊ နိဗ္ဗာန် ကို အလိုရှိပါသည်ဟု နှုတ်ကမြွက်၍ ဆိုသော်လည်း။ ငါ်က

